မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၀၃)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ စနေနေ့။

ဒို့တာဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ မြန်မာနိုင်ငံမှ အားကစားသမား ၂၁၃ ဦး ယှဉ်ပြိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများအား သွားရောက် နှုတ်ဆက်အားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝဏ္ဏသိဒ္ဓိ ပြေးခုန်ပစ်အားကစားကွင်းသို့ ရောက်ရှိရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နေလင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမည့် အခြေအနေ၊ ပြိုင်ပွဲဝင်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်နေမှုနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရည်မှန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြေးခုန်ပစ် လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုပြီး အားကစားသမားများအား အားပေးစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်ဆုများ ရယူပြီး နိုင်ငံနှင့်လူမျိုးအတွက် မိမိတို့၏ စွမ်းဆောင်နိုင်မှုကို ပြသနိုင်ရန်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းကြစေလို။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ) ၌ အားကစားသမားများကို အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးအဆောက်အအုံ ၁၄ ခု ဆောက်လုပ်ရန်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၀

လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရန်အတွက် ရောဂါကင်းဝေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုအပ်သည်။ ကျန်းမာစွာနေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာ ဗဟုသုတများ၊ လူနေမှုအစ ပုံစံများ ပြောင်းလဲရန်လိုအပ်သည်။ ပြည်သူတစ်ဦးချင်း စိတ်ကျန်းမာရေး ကောင်းမွန်ရန် မိမိကိုယ်တိုင် ပြုပြင်နေထိုင်စားသောက်ရမည်ဖြစ်သလို နိုင်ငံတော်ကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခင်ကထက်ပိုမို ဖြည့်ဆည်းပေးရန်ကြိုးစားနေပြီဖြစ်သည်။

လာမည့် ဘဏ္ဍာရေးနှစ်ကာလတွင် နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သောငွေကြေးများကို ယခင်နှစ်များကထက် ပိုမိုခွင့်ပြုထားပြီးဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်တော့မည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ဖြည့်ဆည်းပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် ပြုပြင်ရန်လိုအပ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး တည်ဆောက်မယ့် ဆောက်လုပ်ရေးလုပ်ငန်းစုစုပေါင်း ၁၄ ခုရှိပါတယ်။ ဒါတွေကတိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အကြီးစားမွမ်းမံခြင်းစသည်တို့ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ဒီလုပ်ငန်းတွေကို တိုင်းကျန်းမာရေးဦးစီးဌာနက ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူမှု၊ စီစဉ်မှု၊ ဦးစားပေးလျာထားမှုတွေပြုလုပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုအတည်ပြုဖို့ တင်ပြထားပြီးဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးတိုင်းကျန်းမာရေး

စာမျက်နှာ ၉ ကော်လံ ၁ ❖

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သာယာမည်

၁၀-၁-၂၀၁၆

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်များ

၁၀-၁-၂၀၁၆

ဟဲဟိုးမြို့	၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၁ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၂ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မသန်သော်လည်း စွမ်းရမည်

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မကြာမီကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ ပါရာဂိမ်းဟုခေါ်သော ဤအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၁၀၀၀ ဝန်းကျင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အမှန်စင်စစ် ဤအားကစားပြိုင်ပွဲကြီး ကျင်းပရခြင်းသည် လူသားတစ်ဦးအနေဖြင့် မသန်မစွမ်းဖြစ်နေသည့်တိုင် ခွဲခြားဆက်ဆံခြင်း မရှိကြောင်းကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်သည်။ ကမ္ဘာ့လူ့အသိုက်အဝန်းက လူသားတစ်ရပ်အပေါ် မည်သည့်အခါမျှဘေးဖယ်ထားခြင်းမရှိဘဲ လူ့ကျင့်ဝတ်မပျက်ဆက်ဆံလျက်ရှိသည်ကို ဤပါရာဂိမ်းပြိုင်ပွဲကြီးက မီးမောင်းထိုးပြခြင်းဖြစ်သည်။

ကံကြမ္မာအခြေအနေအကြောင်းကြောင်းကြောင့် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ဆုံးရှုံးခဲ့ရသူများကို ခွဲခြားဆက်ဆံခြင်း၊ ရှုတ်ချခြင်းမပြုသင့်။ လူသားဟူသမျှ သူ့အစွမ်းနှင့်သူရှိကြသည်သာ ဖြစ်ပါသည်။ ခြေမသန်စွမ်းသော်လည်း လက်သန်စွမ်းသည်။ လက်မသန်စွမ်းသော်လည်း ခြေသန်စွမ်းသည်။ လူသားတစ်ဦးအနေဖြင့် မည်သည့်အခါမျှ ဖွဲ့မလျှော့ဘဲ ဘဝရပ်တည်ရှင်သန်နေသည်မှာ ချီးကျူးဖွယ်ကောင်းသည်။

ဤပါရာဂိမ်းပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသူအားလုံးသည် ကိုယ်အင်္ဂါတစ်ခုခုချို့ယွင်းနေသော်လည်း ဖွဲ့စိတ်ဓာတ်မှာ အပြည့်အဝရှိကြသူများပင်ဖြစ်ပါသည်။ "ဖွဲ့သတ္တိကို သေခါမှလျှော့မည်"ဟူသော စိတ်ဓာတ်ရှိကြသူများပင်ဖြစ်သည်။ ချီးကျူးဂုဏ်ပြုထိုက်သူများဖြစ်ပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ဘဝပေးအကြောင်းအရာများကြောင့် ကိုယ်အင်္ဂါမပြည့်စုံသူများ ရှိပါသည်။ ယခုကျင်းပမည့် ပါရာဂိမ်းပြိုင်ပွဲသည် ကိုယ်အင်္ဂါချို့ယွင်းမပြည့်စုံသူများအတွက် ဂုဏ်ယူအားကျဖွယ်ဖြစ်ပါသည်။ လောက၌ ကိုယ်အင်္ဂါမပြည့်စုံသော်လည်း အစွမ်းသတ္တိအပြည့်အဝရှိကြောင်းကို ဤပါရာဂိမ်းပြိုင်ပွဲကြီးက သက်သေထူပြနေပါသည်။

နားမကောင်းလျှင် မျက်စိနှင့်လုပ်နိုင်ရမည်။ ခြေမကောင်းလျှင် လက်ဖြင့်လုပ်နိုင်ရမည်။ အသက်ရှင် နေထိုင်နေသမျှကာလပတ်လုံး စွမ်းရည်တစ်ရပ်ကိုပိုင်ဆိုင်ထားသူအဖြစ် ရှင်သန်နေနိုင်ရမည်။ "ငါတော့ ဒီဘဝလူဖြစ်ရှုံးပါပြီ"ဟူ၍ သဘောမထားသင့်၊ အားမလျှော့သင့်။ ရှိသမျှ ဖွဲ့စိတ်ဓာတ် နှင့်ခွန်အားကို အသုံးချပြီး ဘဝကို ဆက်လက်ရှင်သန်သင့်သည်။ မိမိတို့၏အစွမ်းကို မလျှော့သင့်။ လူကောင်းဖြစ်ပြီး မိမိတို့၏ အစွမ်းသတ္တိကို မထုတ်သူများသာ ဒုက္ခိတနှင့်တူ၏။ ကိုယ်အင်္ဂါ မပြည့်စုံသော်လည်း လူကောင်းတစ်ယောက်ကဲ့သို့ စွမ်းနိုင်သူများကို အစွမ်းရှိသူ လူသားများဟု ဆိုထိုက်၏။ လောကအတွက် အကျိုးပြုသူများဟု ဆိုသင့်၏။ ထို့ကြောင့် ကိုယ်အင်္ဂါမပြည့်စုံ ချို့ယွင်းမှုရှိပင်ရှိငြားသော်လည်း လုပ်ကိုင်ကြိုးစားအားထုတ်နိုင်သော အစွမ်းရှိကြသူများအဖြစ် ရပ်တည်ရှင်သန်ကြမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး အထောက်အကူပြုလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအထောက်အကူပြု လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက်ရှိ ဖြိုးစေတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအတွက် မီးစက်၊ တိုက်နယ်ဆေးရုံသွားသည့်လမ်း အရှည်ပေ ၄၉၀ နှင့်ပြည်သူများ၏ နောက်ဆုံးခရီးသယ်ဆောင်မည့် ဖြိုးစေတနာအခမဲ့နာရေးကူညီမှု နိဗ္ဗာန်ယာဉ်တို့ကို လွှဲပြောင်းပေးအပ်ခွင့်ရသောကြောင့် ဝမ်းမြောက်ရပါကြောင်း၊ ဤကဲ့သို့ ထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ချမှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းသည်လည်း နိုင်ငံတော်ကိုယ်စား ဝန်ကြီးဌာနအနေနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးမှုလိုအပ်သည့်နေရာများကို ဖြည့်ဆည်းထောက်ပံ့ပေးခြင်းလည်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေနှင့် နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသည့်ဒေသများနှင့် အမှန်တကယ် လိုအပ်သောနေရာများသို့ ဆက်လက်လှူဒါန်းဆောင်ရွက်သွားရန်ရှိကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနှင့် လုပ်ငန်းကြီး(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းကြီး(၈)ရပ်အနက် ရပ်ရွာထဲရှိ အိမ်တွင်းမှုပညာ သင်ကြားတတ်မြောက်ချင်သော အမျိုးသမီးများအတွက် အိမ်တွင်းမှုအတတ်ပညာများ သင်ကြားပို့ချလျက်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆုရသင်တန်းသူများအား ဆုများချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကျိုစုရပ်ကွက် ကျေးလက်ဒေသမီးလင်းရေးအတွက် မီးစက်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ မီးစက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဘောလုံးကွင်းအတွင်း ရုံးဆောက်လုပ်နေသည်ကို ပြောင်းရွှေ့ဆောက်လုပ်စေရန် ကျောင်းသားမိဘများလိုလားလျက်ရှိ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရပ်ကွက်(၈)ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသည် ၁၉၆၅ ခုနှစ်မှစ၍ အများပြည်သူပိုင်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး မြေအကျယ်အဝန်း ၆ ဒသမ ၈၅ ဧက၊ အရှေ့ဘက်အကျယ်အဝန်း ၈၈၆ ပေ၊ အနောက်ဘက်အကျယ်အဝန်း ၇၂၆ ပေ၊ တောင်ဘက်အကျယ်အဝန်း ၆၃၂ ပေ၊ မြောက်ဘက် အကျယ်အဝန်း ပေ ၃၂၀ အကျယ်အဝန်းရှိသည်။

ထိုကျောင်းတွင် စာသင်ဆောင် ၁၀ ဆောင်၊ ဘောလုံးအားကစားကွင်း တစ်ကွင်း၊ ပိုက်ကျော်ခြင်းကွင်း တစ်ကွင်းရှိသည့်အနက် ၎င်းဘောလုံးကွင်းတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကျောင်းသားများ ဘောလုံးလူရွေးပွဲကျင်းပရာ အားကစားကွင်းအဖြစ် အသုံးပြုပြီး မြို့နယ်အဆင့်/ခရိုင်အဆင့်အားကစားပြိုင်ပွဲများတွင် စခန်းဝင်ကျောင်းသားကျောင်းသူများ လေ့ကျင့်ရာတွင်လည်း အသုံးပြုသည်။

ထို့အပြင် မူလတန်းကျောင်းသားကျောင်းသူများ၏ ကျောင်းအားလပ်ချိန်တွင် ကိုယ်လက်လှုပ်ရှားပြုလုပ်ရန် ကစားကွင်းတစ်ခုလည်း ဖြစ်သည်။ ယခုအခါ အထက(၆) ကျောင်းဘောလုံးကွင်းအတွင်း တောင်ငူခရိုင်ပညာရေးမှူးရုံးကို လာရောက်ဆောက်လုပ်လျက်ရှိရာ ဘောလုံးကွင်းအရှေ့ဘက်ဂိုးတိုင်ကို ကျော်လွန်၍ ၂၇ ပေကျော်သည်အထိ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ရုံးဆောက်လုပ်နေခြင်းသည် ကျောင်းသား ကျောင်းသူများ၏ ဘောလုံးကွင်းပျောက်ပြီး ပညာရေးအတွက် လွတ်လပ်မှုမရှိရုံသာမက အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တားဆီးရာရောက်သည်ဟု ကျောင်းသားဟောင်းတစ်ဦးက ဆိုသည်။ ယင်းနောက် ကျောင်းသားမိဘတစ်ဦးက "ယခုအချိန်သည် အားကစားကို အထူးအားပေးမြှင့်တင်ဆောင်ရွက်နေတဲ့ အချိန်ဖြစ်သည့်အတွက်ယခုလို ဘောလုံးကွင်းအတွင်း ရုံးဆောက်လုပ်ခြင်းသည် နောင်အနာဂတ်ကလေးများအတွက် အားကစားကို ပိတ်ပင်တားမြစ်နေခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

မိဘဆရာအသင်း၊ ကျောင်းသားဟောင်းများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများက ကျောင်းခြံဝင်းအတွင်း ခရိုင်ပညာရေးမှူးရုံးဆောက်လုပ်နေသည်ကို ပြောင်းရွှေ့ဆောက်လုပ်စေလိုကြောင်း ထင်သာမြင်သာကဏ္ဍတွင် ရေးသားဖော်ပြလိုက်ရပါသည်။ (၁၂၃)

ဟော်ကီပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ဟော်ကီအသင်းသားများ၏ ပါဝင်ယှဉ်ပြိုင်ခဲ့ပုံများကို ကြိုက်နှစ်သက်ခဲ့သည့် ဟော်ကီပရိသတ်က တတိယကြေးတံဆိပ်ဆုရအမျိုးသား၊ အမျိုးသမီးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းနှစ်ရာ ပေးအပ်ပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်း(ငြိမ်း)နှင့် အမှုဆောင်များ၊ အားကစားသမားများ၊ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်လှူဒါန်းသည့်အလှူရှင်များ တက်ရောက်ကြသည်။ ဂုဏ်ပြုပွဲအခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌက ချီးမြှင့်ငွေကျပ်သိန်းနှစ်ရာကို ဟော်ကီလက်ရွေးစင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၈ ဦးနှင့် အုပ်ချုပ်သူ၊ နိုင်ငံခြားနည်းပြ၊ လက်ထောက်နည်းပြ ၁၀ ဦး စုစုပေါင်း ၄၆ ဦးကို အညီအမျှခွဲဝေပေးသည်။ အမျိုးသား၊ အမျိုးသမီးဟော်ကီပြိုင်ပွဲကို (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မူလလျာထားချက်တွင် မပါခဲ့သော်လည်း ပြိုင်ပွဲနီးကပ်မှ ယှဉ်ပြိုင်ခွင့်ရခဲ့၍ အမျိုးသမီးဟော်ကီကစားသမားငါးဦးကို အခြေခံ၍လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းမှ အရွေးမခံရသော အမျိုးသမီးများကို ခြေထောက်အစား၊ လက်ဖြင့် ယှဉ်ပြိုင်ရန်သင်ကြားပြသပေးခဲ့ရကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးပေါင်းစုံက မြန်မာသူရဲကောင်းများအဖြစ် ချီးကျူး၊ ချီးမြှင့်ဂုဏ်ပြုသကဲ့သို့ မြန်မာ့ဟော်ကီပရိသတ်ကလည်း မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ရကြောင်း သိရသည်။ **သန်းဆွေ(ပန်းဘဲတန်း)**

ကျန်းမာရေးသုတေသနညီလာခံစာတမ်းဖတ်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးသုတေသနညီလာခံစာတမ်းဖတ်ပွဲ စတုတ္ထနေ့ကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမများ၌ ဆက်လက်ကျင်းပရာ စာတမ်းရှင်များက သုတေသနစာတမ်းစုစုပေါင်း ၂၀ ကို ဖတ်ကြားတင်သွင်းကြပြီး သိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားကြသည်။ ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင်လည်း ရင်သားကင်ဆာရောဂါ ရှာဖွေဖော်ထုတ်ခြင်းအကြောင်းနှင့် အီလက်ထရွန်အဏုကြည့်မှန်ပြောင်းကို အသုံးပြု၍သုတေသနနှင့် ကုသမှုဆောင်ရွက်ခြင်းအကြောင်းတို့ကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဘာသာရပ်အလိုက် ပညာရှင်များက ရှင်းလင်းတင်ပြကြပြီး သိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Mobile Phone Software Courses

Setup ... Root ... System Update ... error ... Firmware upgrade & downgrade ... Software ...

- Basic Mobile Software Course (Duration:15hrs)
- Advanced Mobile Software Course (Duration:20hrs)

Kyats 50,000/-

APS

Travels & Tours Co.,Ltd

01-503925 | 01-527539 | 09-5058894 | Hot Line - 09 421027657

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် ဘီးတပ်ဘတ်စကက်ဘောအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

မြှင့်တင်ပေး

ထို့နောက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနည်းပေါင်းစုံမှ အားကစားသမားများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်ပြီး အားပေးစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် နှစ်ပေါင်း ၄၄ နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရခဲ့သည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင်ဖြင့် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် မိမိတို့နိုင်ငံအား အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုချီးကျူးဂုဏ်ပြုခဲ့ကြပါကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့်အတူ မိမိတို့၏လက်ရွေးစင်အားကစားသမားများသည်လည်း နိုင်ငံအလိုက် ဒုတိယဆုရသည်အထိ ဆုတံဆိပ်များစွာရရှိအောင် စွမ်းဆောင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးခဲ့ကြပါကြောင်း။

ဆီးဂိမ်းပြိုင်ပွဲကို လက်ခံကျင်းပသည့်နိုင်ငံတိုင်းသည် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဆက်လက်လက်ခံကျင်းပရလေ့ရှိသည့်အတိုင်း မကြာမီကာလတွင် မိမိတို့မြေ၌ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရမည်ဖြစ်ပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲ ကျင်းပပြီးဖြစ်သည့်အတွက် ယခုကျင်းပမည့်မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရန်အတွက် အားကစားကွင်း၊ အားကစားရုံများမှာ အဆင်သင့်ရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အနေဖြင့်လည်း ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေး၊ ပြိုင်ပွဲဝင် အားကစားသမားများ အောင်မြင်မှုရရှိရေးတို့အတွက် လိုလေသေးမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း။

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်ဆုများရယူပြီး နိုင်ငံနှင့်လူမျိုးအတွက် မိမိတို့၏ စွမ်းဆောင်နိုင်မှုကို ပြသနိုင်ရန်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းကြစေလိုကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌စိတ်ဓာတ်ခိုင်မာမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှုနှင့်ကြိုးစားအားထုတ်မှုတို့ဖြင့် ပြိုင်ပွဲတိုင်းတွင် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်အနိုင်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ပွဲဝင်အားကစားသမား၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လေ့ကျင့်ရေးစသည့် အုပ်ချုပ်မှုကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းအားပေးသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘောနှင့် ဘီးတပ် ဘတ်စကက်ဘောဟူသည့် အားကစားနည်း (၁၂)မျိုးကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ (၁၁)နိုင်ငံမှ မသန်စွမ်းအားကစားသမား ၁၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အားကစားသမား ၂၁၃ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝဏ္ဏသိဒ္ဓိပြေးခုန်ပစ်အားကစားကွင်း၌ အားကစားသမားများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည့် (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီအစည်းအဝေး (62nd ASEAN Coordinating Committee on Investment-CCI)ကို နေပြည်တော် အမရာဟိုတယ်၌ ယနေ့တွင် စတင်ကျင်းပရာ **(အပေါ်ပုံ)**အစည်းအဝေးသဘာပတိအဖြစ် အင်ဒိုနီးရှားနိုင်ငံမှ Mr. RIZAR INDOMO NAZAROEDIN က ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၃၄ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ လုပ်ငန်းအစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များပါအကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် မြန်မာ့မသန်စွမ်းအသင်း ပြိုင်ပွဲအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိမှုအခြေအနေ

စဉ်	ပြိုင်ပွဲ အကြိမ်	ကျင်းပသည့် ခုနှစ်	ကျင်းပသည့် နိုင်ငံ	အားကစား သမား	ဆုရရှိမှု ရွှေ	ငွေ	ကြေး	နိုင်ငံလိုက် အဆင့်
၁	ပထမအကြိမ်	၂၀၀၁	မလေးရှား	၃၁	၄၃	၂၃	၁၁	၃
၂	ဒုတိယအကြိမ်	၂၀၀၃	ဗီယက်နမ်	၂၆	၂၄	၁၂	၁၁	၄
၃	တတိယအကြိမ်	၂၀၀၅	ဖိလစ်ပိုင်	၂၂	၂၉	၁၃	၄	၅
၄	(၄)ကြိမ်မြောက်	၂၀၀၈	ထိုင်း	၂၅	၁၄	၁၆	၂၀	၆
၅	(၅)ကြိမ်မြောက်	၂၀၀၉	မလေးရှား	၂၅	၁၄	၁၉	၇	၅
၆	(၆)ကြိမ်မြောက်	၂၀၁၁	အင်ဒိုနီးရှား	၃၆	၁၁	၉	၁၄	၆

▲ *ကျောဖုံးမှ*

အဆင့်ဆင့် ဖွဲ့စည်းရမည်ဖြစ်သည်။

ထို့အပြင်အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ ၄ (စ)ခြင်းချက်အရ လုပ်ငန်းကဏ္ဍ၏သဘာဝအရ လုပ်ငန်းဌာန သို့မဟုတ် ပထဝီနယ်မြေကိုအခြေခံ၍ အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်း၍မရသည့် ပင်လယ်ရေကြောင်း၊ လုပ်ငန်းကဏ္ဍတွင်သာ အဖွဲ့ချုပ်ကို တိုက်ရိုက်ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောများနှင့် ပတ်သက်သည့် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့ချုပ်များကိုသာ မှတ်ပုံတင်အရာရှိချုပ်မှ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်သမား၊ အလုပ်ရှင်အဖွဲ့ချုပ်အဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားပါကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

အသုတ်မြို့ ဓမ္မနာဒ ဝေဠုဝန်ရိပ်သာ၏ ဖခင်ကြီး သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော သီရိသုဓမ္မမဏိဇောတဓရဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက်ကြောင့် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နှစ်သစ်ခါသမယမှစ၍ ကျန်းမာစွာဖြင့် နိုင်ငံ့သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဓမ္မနာဒဝေဠုဝန်ရိပ်သာအကျိုးတော်ဆောင်အဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 5C/3869 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

နိုင်ငံတကာသတင်း

ကိုလံဘီယာနိုင်ငံမှ ကျောက်မီးသွေး ဝန်တင်မှုတားမြစ်ချက်ထုတ်

ကိုလံဘီယာ ဇန်နဝါရီ ၁၀

ကိုလံဘီယာနိုင်ငံမှ အမေရိကန် အခြေစိုက် ကျောက်မီးသွေးထုတ်လုပ်မှု ကုမ္ပဏီ ဒရာမွန်းအား အသစ်ထုတ်ပြန်ထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းဥပဒေများအား လိုက်နာသော်လည်း ကိုလံဘီယာဆိပ်ကမ်းများ၌ ကျောက်မီးသွေးတစ်ပုံတစ်ခေါင်း ဝန်တင်နေမှုအား ရပ်တန့်ရန် တားမြစ်လိုက်သည်။

စည်းမျဉ်းစည်းကမ်းများအတိုင်း ကျောက်မီးသွေးထုတ်ယူသူများအနေဖြင့် ဝန်တင်သင်္ဘောများပေါ် တင်ယူရာတွင် မော်တော်ဘုတ်များ၊ ကရိန်းများအသုံးပြုခြင်းအား ဆက်လက်ခွင့်ပြုတော့မည်မဟုတ်ဟု သိရသည်။

အဆိုပါ စည်းမျဉ်းသစ်များ သတ်မှတ်လိုက်ခြင်းမှာ ကိုလံဘီယာ ပင်လယ်ရေပြင်တွင် ယိုဖိတ်ကျမှုနှင့် ညစ်ညမ်းမှုတို့အား တားဆီးလိုက်ခြင်းပင်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလထဲက မော်တော်ဘုတ်တစ်စင်းနစ်မြုပ်မှုကို ကယ်ဆယ်ရန်ကြိုးစားရင်း ကျောက်မီးသွေးတန်ချိန်များစွာ မှောက်ကျခဲ့မှုအတွက် ပြီးခဲ့သည့် ရက်သတ္တသုံးပတ်ကျော်က ဒရာမွန်းကုမ္ပဏီက ဒဏ်ကြေးငွေ ဒေါ်လာ ၃ ဒသမ ၅ သန်းပေးဆောင်ခဲ့ရသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာတစ်ဝန်းလေးခုမြောက် အကြီးဆုံး ကျောက်မီးသွေးထွက်ရှိရာ နိုင်ငံဖြစ်ပြီး စည်းမျဉ်း၊ စည်းကမ်းများ ပြောင်းလဲသတ်မှတ်ခြင်းက ကိုလံဘီယာအတွက် များပြားလှသော အခွန်အခရရှိမှုကို လျော့ကျစေမည်ဖြစ်သည်။

သို့သော် ကိုလံဘီယာသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် လိုအပ်သော စည်းကမ်းချက်များ ချမှတ်ရခြင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဆိုသည်။ **(ဘီဘီစီ)**

၂၀၁၃ ခုနှစ် မတ်လက အမေရိကန်မှ အာဖဂန်တပ်ဖွဲ့သို့ အကျဉ်းသားများ လွှဲပြောင်းပေးစဉ်။

ရာဇဝတ်သားများ ပြန်လွှတ်ပေးမည့် အာဖဂန်၏အစီအစဉ် အမေရိကန်တို့ စိုးရိမ်နေ

ကဘူး ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံမှ အန္တရာယ်များသော ရာဇဝတ်ကောင်များအုပ်စုအဖြစ် ယူဆထားသော အကျဉ်းသားအဖွဲ့အားအာဖဂန်အစိုးရက ပြန်လွှတ်ပေးမည့်အစီအစဉ်အပေါ် ဝါရှင်တန်က စိုးရိမ်ပူပန်လျက်ရှိသည်ဟု သိရသည်။ အာဖဂန်နစ္စတန်ဘက်မှ ပြောကြားချက်အရ အာဖဂန်အခြေစိုက် အမေရိကန် ဘာဂရန်လေတပ်စခန်း၌ အမေရိကန်တို့ ယခင်က ထိန်းသိမ်းထားခဲ့သော အကျဉ်းသား ၈၈ ဦးတွင် ၇၂ ဦးအတွက် သက်သေအထောက်အထားမခိုင်လုံသေးဟုဆိုသည်သို့သော် အမေရိကန်ပြည်ထောင်စုမှ ပြောခွင့်ရ အမျိုးသမီးတစ်ဦးဂျင်ပက်စ် ကီက အဆိုပါ ၇၂ ဦးအား အန္တရာယ်ကြီးသော ရာဇဝတ်ကောင်များအဖြစ် ပြောဆိုခဲ့သည်။

အမေရိကန်တို့သည် ၂၀၁၄ ခုနှစ် အကုန်အထိ အာဖဂန်နစ္စတန်၌ အမေရိကန်တပ်သားများ ဆက်လက်ထားရှိခွင့် ရည်မှန်းချက် ရောက်ရှိရေးအတွက် ဤကဲ့သို့ ရာဇဝတ်သားများ ပြန်လွှတ်ရေး အစီအစဉ်သည် အမေရိကန်-အာဖဂန် နှစ်နိုင်ငံဆက်ဆံရေးအပေါ် ဆက်လက်ခိုင်မာစေမည်ဟု လေ့လာသူများက ဆိုသည်။

မစ္စဂျင်ကမူ "အာဖဂန်နိုင်ငံရေး ရာဇဝတ်သားများအပေါ် တရားစီရင်ရေးအတိုင်း မဆုံးဖြတ်ဘဲ ဒီအကျဉ်းသားတွေကို လွှတ်ပေးမှာကို ကျွန်မတို့ စိုးရိမ်ပူပန်မိပါတယ်။ ဒီသောင်းကျန်းသူတွေက အာဖဂန်နိုင်ငံနဲ့ ပြည်သူတွေရဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ဖွယ် ရှိပါတယ်" ဟု ဆိုသည်။ အမေရိကန်ဘက်က အာဖဂန်တပ်သား ၅၇ ဦးနှင့် မဟာမိတ်တပ်ဖွဲ့ဝင် ၆၀ တို့ သေဆုံး၊ ဒဏ်ရာရမှုတို့တွင် အဆိုပါ အကျဉ်းသား ၈၈ ဦးလုံး ပါဝင်ပတ်သက်နေကြောင်း အထောက်အထားများ ရှိသည်ဟု ဆိုထားသည်။ **(ဘီဘီစီ)**

ချီလီ တောမီးလောင်မှုကြောင့် မီးခိုးငွေ့အန္တရာယ်ကျန်းမာရေးသတိပေးချက်ထုတ်ပြန်

ဆန်တီဂို ဇန်နဝါရီ ၁၀

ချီလီအစိုးရသည် ပြည်နယ် ၁၅ ခုအနက် လေးခုတို့တွင် တောမီးလောင်ရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့အန္တရာယ်အတွက် ကျန်းမာရေး သတိပေးချက်များ ဇန်နဝါရီ ၉ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း ဘီဘီစီသတင်း တွင် ဖော်ပြသည်။ အဆိုပါ မီးလောင်မှုကြောင့် သစ်တောဧရိယာ ၁၆၀၀၀ ဟက်တာ ဆုံးရှုံးခဲ့ရပြီး လွန်ခဲ့သည့်နှစ်အတွင်းကလည်း တောမီးလောင်ကျွမ်းမှုမှာ ရှစ်ကြိမ်ထက်မနည်းဖြစ်ပွားခဲ့သည်ဟုသိရသည်။ ၎င်းမီးခိုးငွေ့အန္တရာယ်သည် မြို့တော် ဆန်တီဂိုတွင် ခုနစ်နှစ်အတွင်း အဆိုးရွားဆုံးလေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ၎င်းတောမီးငြိမ်းသတ်ရာတွင် လေပြင်းများတိုက်ခတ်ပြီး အပူချိန် မြင့်မားခြင်းကြောင့် မီးသတ်အဖွဲ့ဝင်များအဆင်မပြေဖြစ်ခဲ့ရသည်။

ဆန်တီဂိုမြို့တော်မှ တာဝန်ရှိသူများက အိမ်အပြင်တွင် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းများရှောင်ကြဉ်ရန် ပြည်သူများကို သတိပေးတားမြစ်ချက်များ ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**

ပါကစ္စတန် သမ္မတဟောင်း ဇာဒါရီ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး တရားရုံးရှေ့တွင် ပေါ်ထွက်လာ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်သမ္မတဟောင်း အာစစ်အလီဇာဒါရီသည် ၎င်း၏သမ္မတသက်တမ်း ငါးနှစ်တာကာလပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ၁၉၉၀ ပြည့်လွန်နှစ်များက စွပ်စွဲခံရမှု ကိစ္စများအတွက် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး တရားရုံးရှေ့တွင် ကြာသပတေးနေ့က ပထမဆုံးအကြိမ် ပေါ်ထွက်လာခဲ့သည်။

ကွယ်လွန်သူ ပါကစ္စတန်ဝန်ကြီးချုပ် ဘနာဇီယာဘူတိုက ၁၉၉၃-၁၉၉၆ ခုနှစ် ဝန်ကြီးချုပ် သက်တမ်းအတွင်း ၎င်းနေအိမ်ခြံဝင်းထဲ၌ ပိုလိုကစားကွင်းတစ်ခု တရားမဝင်တည်ဆောက်ခဲ့သည်ဆိုသည့် ကိစ္စရပ်သည် အခြေအမြစ်မရှိကြောင်း ခင်ပွန်းသည် ဇာဒါရီ၏ ရှေ့နေ ဖာရွက်က တရားရုံးရှေ့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

သမ္မတဟောင်းကို ရွှေနှင့်ငွေတင်သွင်းမှုနှင့် ပတ်သက်၍ ငွေကြေးအမြောက်အမြား လာဘ်စားရယူခဲ့မှုနှင့် ပြည်တွင်းသို့ လယ်ထွန်စက်များ တင်သွင်းရာတွင် လာဘ်စားခဲ့မှုအပြင် ဆွစ်ဇာလန်ကုမ္ပဏီနှစ်ခု၏ ငွေမည်းမှ ငွေဖြူပြောင်းလဲရာတွင် ငွေကြေးရယူခဲ့မှုတို့နှင့် ပတ်သက်၍ အစွပ်စွဲခံနေရသည်။

၂၀၀၈ ခုနှစ်အထိ ၁၀ နှစ်ကြာ အုပ်ချုပ်ခဲ့သော ပါဗက်မူရှာရက်၏ လက်ထက်တွင် သမ္မတဟောင်း ဇာဒါရီအနေဖြင့် တရားစွဲဆိုခြင်း မခံရပေ။ ၂၀၀၈-၂၀၁၃ ခုနှစ် ၎င်း၏ သမ္မတသက်တမ်းတွင်လည်း တရားစွဲဆိုမှုအတွက် ကြံ့ကြံ့ခံနိုင်ခဲ့သည်။ **(ကျိူဒို)**

ရဲအရာရှိခေါင်းဆောင်ပါ ယာဉ်တန်းအား ဗုံးခွဲတိုက်ခိုက်ခံရအပြီး တွေ့ရစဉ်။

ပါကစ္စတန်ရဲအရာရှိတစ်ဦး ဗုံးဖောက်ခွဲမှုအတွင်းသေဆုံး

ကရာချိ ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ၏ တာလီဘန် ဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူ ရဲအရာရှိတစ်ဦးသည် ကရာချိမြို့ ဗုံးဖောက်ခွဲမှုအတွင်း သေဆုံးခဲ့ရသည်ဟု သိရသည်။

မြို့တော်၏ တာလီဘန်အကြမ်းဖက်မှုတိုက်ဖျက်ရေးခေါင်းဆောင် အဆိုပါ ရဲအရာရှိ ချောင်ဒရီအစ်လမ်သည် မြို့တော်၏ အစ်ဆာနာဂရီနယ်မြေအတွင်း ရဲယာဉ်တန်းပေါ်၌ရှိနေစဉ် ဖောက်ခွဲမှုခံခဲ့ရခြင်းဖြစ်သည်။ ၎င်းနှင့်အတူ အခြားသူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြရသည်။

မစ္စတာအစ်လမ်သည် သူ၏သက်တမ်းတစ်လျှောက် ပြီးခဲ့သည့် သတ်ဖြတ်ရန်ကြိုးစားမှုများတွင်လည်း ကံကောင်းထောက်မစွာဖြင့် သေကံမရောက်သက်မပျောက်ခဲ့ပေ။ ဇန်နဝါရီ ၉ ရက်က ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုတွင် ပါကစ္စတန်တာလီဘန်တို့ အောင်မြင်မှုရခဲ့သည်ဟုဆိုသည်။

တာလီဘန်အဖွဲ့မှ ပြောခွင့်ရသူတစ်ဦးက မစ္စတာအစ်လမ်သည် တာလီဘန်အဖွဲ့ဝင်များအား ထိခိုက်နာကျင်စေသူ၊ ညှဉ်းပန်းနှိပ်စက်သူ၊ မတရားသတ်ဖြတ်သူအဖြစ် ပြောဆိုခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်က ကွယ်လွန်သူရဲအရာရှိခေါင်းဆောင်အား ဂုဏ်ပြုချီးကျူးခဲ့ပြီး တိုက်ခိုက်လုပ်ကြံသူများအပေါ် ပြစ်တင်ရှုတ်ချခဲ့သည်။ **(ဘီဘီစီ)**

ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ အချပ်ပို(၄)တွင် ပါရှိသော မြေပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည့်ရက် ၁၆-၁-၂၀၁၄ ရက်အစား ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

ဝန်ထမ်းအလိုရှိသည်
(Travel & Tour လုပ်ငန်းအတွက်)
၁။ Assistant Tour Operator ➤ ကျား/မ (၂)ဦး
၂။ Accountant ➤ မ (၁)ဦး
၃။ Office Staff ➤ ကျား/မ (၁)ဦး

(၆၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်

ဥဘတောဝိဘင်္ဂရေ(၄၃)ပါး

၁။ ပလ္လင်အမှတ်(၈၉) အရှင်ကောဝိဒ(နတ်မောက်)၊ အသက် (၃၄ နှစ်)၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၉၀) အရှင်ကုဏ္ဍလ၊ အသက်(၃၂ နှစ်)၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၉၁) အရှင်ကောဝိဒ၊ အသက် (၃၀ နှစ်)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၉၂) အရှင်ပညာဝံသ၊ အသက်(၂၉ နှစ်)၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၉၅) အရှင်စန္ဒာသိရီ၊ အသက်(၂၈ နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၉၆) အရှင်သောဘဏ၊ အသက်(၂၈ နှစ်)၊ သိက္ခာတော်(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၉၉) အရှင်ဓမ္မသာရ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၀၀) အရှင်စိန္တိတ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၁၀၁) အရှင်စန္ဒိမာဇောတိ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ပလ္လင်အမှတ်(၁၀၂) အရှင်နန္ဒိမာစာရ၊ အသက်(၂၉ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၁၀၄) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၂၆ နှစ်)၊ သိက္ခာ(၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၁၀၈) အရှင်ကေသဝ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၁၃။ ပလ္လင်အမှတ်(၁၁၀) အရှင်ကောဝိဒ(မွန်)၊ အသက်(၂၅ နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၁၁) အရှင်အဂ္ဂဉာဏ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၁၁၄) အရှင်သောပါကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၁၇) အရှင်ဝါသဝ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၁၈) အရှင်ကုမာရ(ဒေးဒရဲ)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၁၉) အရှင်ဉာဏဓမ္မာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၂၀) အရှင်သောမသာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ်(၁၂၂) အရှင်ကုဝေရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ ဗြူးကုန်းတောရပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၂၅) အရှင်ပညာလောကာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ်(၁၃၈) အရှင်ဝရဉာဏ(မွန်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

၂၃။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသာရ၊ အသက် (၂၈ နှစ်)၊ သိက္ခာ(၈)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၅၀) အရှင်ဉာဏဗလာလင်္ကာရအသက်(၂၈နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၅။ ပလ္လင်အမှတ်(၁၅၂) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၇)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၅၃) အရှင်ပရမ၊ အသက် (၂၈ နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ်(၁၅၅) အရှင်ဆေကာနန္ဒ၊ အသက်(၂၆ နှစ်)၊ သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ်(၁၆၅) အရှင်ပညာသိရီ၊ အသက် (၂၅ နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ်(၁၆၆) အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၅ နှစ်)၊ သိက္ခာ (၅)ဝါ၊ ဓမ္မမာမကပရိယတ္တိစာသင်တိုက်၊ မတ္တရာမြို့ မန္တလေးတိုင်းဒေသကြီး (အထူးအောင်)

၃၀။ ပလ္လင်အမှတ်(၁၆၇) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၂၅ နှစ်) သိက္ခာ(၅)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ်(၁၆၈) အရှင်တေဇနိယ၊ အသက် (၂၄ နှစ်)၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၇၃) အရှင်နန္ဒသာမိ၊ အသက်(၂၂ နှစ်)၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၇၈) အရှင်တေဇသိရီ၊ အသက်(၃၅ နှစ်)၊ သိက္ခာ(၁၅) ဝါ၊ ဓမ္မဒူတဇေတဝန်ကျောင်းတိုက်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ်(၁၈၂) အရှင်ပညာသာရ၊ အသက်(၃၀ နှစ်)၊ သိက္ခာ(၁၀) ဝါ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၈၅) အရှင်အစ္စရိယ၊ အသက်(၂၈ နှစ်)၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ်(၁၈၆) အရှင်တေဇဉာဏ၊ အသက်(၂၈ နှစ်)၊ သိက္ခာ(၈) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၉၆) အရှင်တေဇာနန္ဒ၊ အသက်(၂၅ နှစ်)၊ သိက္ခာ(၆) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ်(၁၉၈) အရှင်ဝါယမ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၆) ဝါ၊ တိပိဋကဓမ္မပါလကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၂၀၀) အရှင်ခေမာစာရ(ညောင်ဦး)၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ်(၂၀၄) အရှင်ပညာနန္ဒာလင်္ကာရ၊ အသက်(၂၅ နှစ်)၊ သိက္ခာ(၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၂၀၈) အရှင်ဇဝနာလင်္ကာရ၊ အသက်(၂၆ နှစ်)၊ သိက္ခာ(၅)ဝါ၊ ရွှေဥမင်ဓမ္မသုခတောရစာသင်တိုက်၊ ကုန်းတလပေါင်းစံပြကျေးရွာ၊ ပတ္တမြား မြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ်(၂၁၀) အရှင်သံဝရ၊ အသက်(၂၅ နှစ်)၊ သိက္ခာ(၄)ဝါ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ်(၂၁၇) အရှင်ပညာဒီပ၊ အသက်(၂၁ နှစ်)၊ (၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါကျွန်းအုပ်စုများပေါ်မှ ဇီဝစိုးငှက်သိုက်များကို တစ်ဦးတည်း စုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	လပ်ပုံ	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလှနှင့်ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၁၅-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ

၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** -၂၇-၁-၂၀၁၄ ရက် ညနေ ၁၆း၃၀နာရီ

၄။ **တင်ဒါရောင်းချမည့်ရက်** -၃၀-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ

၅။ **တင်ဒါရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

ဖုန်း-၀၅၉-၂၃၅၃၉



ပြည်ထဲရေးဝန်ကြီးဌာန

အကျဉ်းဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အလုပ်စခန်းများမှ အကျဉ်းသား၊ အချုပ်သား၊ ရဲဘက်များအတွက် စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ပြည်တွင်းရှိ မြန်မာနိုင်ငံသားဆန်ကုန်သည်များနှင့် ဒေသဆန်ကုန်သည်များအား ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၁၇-၁-၂၀၁၄ ရက် ၁၃း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်သွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁၁-၁-၂၀၁၄ ရက်မှ ၁၆-၁-၂၀၁၄ရက်အထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁၊ အကျဉ်းဦးစီးဌာန၊ ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ ဖုန်း-၀၁-၂၀၁၇၆၁၊ ၀၁-၂၄၅၂၆၀၊ ၀၅၆-၂၁၀၄၂၊ ၀၁-၆၄၅၈၂၄၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၁-၅၇၉၀၀၃၊ ၀၁-၅၃၆၁၂၇၊ ၀၅၆-၂၁၁၄၂၊ ၀၁-၆၄၂၂၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့

အကျဉ်းဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

အမျိုးသမီးနှင့်ကလေးဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေး ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၉-၁-၂၀၁၄ရက်မှ စ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးသို့ လာရောက်၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၈၁-၂၀၁၈၄၁၊ ၀၈၁-၂၁၂၁၅၁၂၊ ၀၉-၅၂၀၄၃၉၂တို့သို့ လည်းကောင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် -၉-၁-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၂-၁-၂၀၁၄ရက် ညနေ ၄နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အမျိုးသမီးနှင့်ကလေးဆေးရုံကြီး

တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃C/၁၂၇၄ Toyota Rav 4, S/W(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းအောင် ၁၂/လသန(နိုင်)၀၀၁၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဆောင်းပါး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် မေးမြန်းမည့်မေးခွန်းများ ဤမေးခွန်းများမေးမြန်းရသည့်အကြောင်းနှင့်အကျိုးကျေးဇူးများ

စန္ဒာမြင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ကောက်ယူမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၃၀ နီးပါးဖြစ်သည့် ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သောစာရင်းအင်းအချက်အလက်များသည် မရှိမဖြစ်လိုအပ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ဖွံ့ဖြိုးမှုနှင့်လူဦးရေတိုးတက်မှုကို တိုင်းတာနိုင်ရန်အတွက် ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် အကြံပြုထားပါသည်။ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ တည်ဆောက်ရန်အတွက် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ လူတို့၏လူမှုရေး၊ စီးပွားရေးနှင့်လူဦးရေဆိုင်ရာသွင်ပြင်လက္ခဏာအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်ရှိပြည်သူပြည်သားအားလုံး၏ နေထိုင်မှုအဆင့်အတန်းတိုးမြှင့်ရန်အတွက် မူဝါဒနှင့်စီမံကိန်းများချမှတ်ရာတွင် အစိုးရ၊ ပြည်သူလူထု၊ ပတ်သက်ဆက်နွှယ်သူများနှင့် သန်းခေါင်စာရင်းအချက်အလက်အသုံးပြုသူများသည် တိကျမှန်ကန်၍ဆီလျော်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သည့် စာရင်းအင်းအချက်အလက်များကို လိုအပ်ပါသည်။

သန်းခေါင်စာရင်းတစ်ခု၏အောင်မြင်မှုကို ကောက်ယူရရှိသည့်အချက်အလက်များ၏ တိကျမှန်ကန်မှုဖြင့်တိုင်းတာပါသည်။ တိကျမှန်ကန်သည့် သန်းခေါင်စာရင်းအချက်အလက်များရရှိရန် ဖြေဆိုသူထံမှစာရင်းကောက်ယူရာတွင် ပြည့်စုံမှန်ကန်မှုရှိရမည်ဖြစ်ပါသည်။ ပြည့်စုံမှန်ကန်မှုရရှိနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ပြည်သူလူထုသည်သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကိုသိရှိနားလည်ပြီး သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် မှန်ကန်စွာဖြေဆိုပေးခြင်းဖြင့် အထောက်အကူပေးခြင်းပင်ဖြစ်ပါသည်။ ပြည်သူလူထု၏အထောက်အကူပေးခြင်းကို ရရှိစေရန်အတွက် သန်းခေါင်စာရင်း၏အကျိုးကျေးဇူးများနှင့် ပြည်သူလူထုမှအဖြစ်မနေပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အကြောင်းကို လူတိုင်းအားမှန်ကန်စွာအသိပေးထားရန်လိုအပ်ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မေးမြန်းမည့်မေးခွန်းများသည် မေးခွန်းတစ်ခုချင်းစီ၌ ကောင်းမွန်သော အကျိုးအကြောင်းဖော်ပြချက်ရှိသောကြောင့် မေးခွန်းအားလုံးသည် အရေးကြီးပါသည်။ သို့ဖြစ်၍ ဤကဏ္ဍတွင် သန်းခေါင်စာရင်း ကောက်ယူရာ၌ မေးမြန်းဖြည့်သွင်းမည့် မေးခွန်းပုံစံတွင် ပါဝင်သည့်အကြောင်းအရာများကို အပိုင်းကိုးပိုင်းခွဲ၍ ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပြီး အဘယ်ကြောင့် ဤမေးခွန်းများ ထည့်သွင်းမေးမြန်းရသည်ဆိုသည့်အကြောင်းနှင့် အကျိုးကျေးဇူးများ မည်သို့ရရှိနိုင်သည်ဆိုသည်ကိုလည်း ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပါသည်။

အပိုင်း(၁) အိမ်ထောင်စု၏ တည်နေရာပြအကြောင်းအရာများ

စာရင်းကောက်ယူသည့် အိမ်ထောင်စုသည် မည်သည့်နေရာဒေသ၌ တည်ရှိသည်ကို သိရှိနိုင်စေရန်အတွက် ထိုအိမ်ထောင်စု၏ တည်နေရာပြအကြောင်းအရာများဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်/မြို့နယ်ခွဲ၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့/ကျေးလက်၊ စာရင်းကောက်ကွက်အမှတ်၊ အိမ်ထောင်စုအမှတ်တို့ကို ဖြည့်သွင်းရပါသည်။ ထိုသို့ဖြည့်သွင်းရာတွင်တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် /မြို့နယ်ခွဲ၊ ရပ်ကွက်/ကျေးရွာအုပ်စုစသည်တို့၏ အမည်များကို သက်ဆိုင်ရာဂဏန်းသင်္ကေတအလိုက်ဖြည့်သွင်းပြီး စာရင်းကောက်ယူသည့်နေရာဒေသသည် ရပ်ကွက်ဖြစ်ပါကမြို့ကိုလည်းကောင်း၊ ကျေးရွာဖြစ်ပါက ကျေးလက်ကိုလည်းကောင်း မှတ်တမ်းတင်ကာ စာရင်းကောက်ယူမှုလွယ်ကူစေရန် သက်ဆိုင်ရာမှ သတ်မှတ်ထားသည့် စာရင်းကောက်ကွက်အမှတ်နှင့် အိမ်ထောင်စုအမှတ်တို့ကိုလည်း မေးခွန်းပုံစံတွင် ဖြည့်သွင်းရပါသည်။ သို့မှသာ စာရင်းကောက်ယူရရှိသည့် လူဦးရေနှင့်အိမ်အကြောင်းအရာ စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက်သော်လည်းကောင်း၊ မြို့/ကျေးလက်အလိုက်သော်လည်းကောင်း စသည်ဖြင့် ဒေသအလိုက် ထုတ်ပြန်နိုင်မည်ဖြစ်ပါသည်။

အပိုင်း (၂) အိမ်ထောင်စုဝင်များ၏ အချက်အလက်များ

ဤအပိုင်းတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန်တွင်ရှိသည့် အိမ်ထောင်စုဝင်များ၏ အချက်အလက်များကို စာရင်းကောက်ယူမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် ရှိသည့် အိမ်ထောင်စုဝင်များဆိုသည်မှာ ထိုနေ့ညသန်းခေါင်ယံအချိန်တွင်ရှိသည့်မည်သူမဆို အိမ်ထောင်စုစာရင်းပုံစံတွင် ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည် ဖြစ်စေ၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြားတစ်ခုခုကိုင်ဆောင် သည်ဖြစ်စေ၊ မကိုင်ဆောင်သည်ဖြစ်စေ၊ ဧည့်သည်များအပါအဝင် အသက် ကြီးငယ်မရွေး အိမ်ထောင်စုတစ်ခု၌ ရောက်ရှိနေထိုင်လျက်ရှိသူအားလုံး ပါဝင်ပါသည်။ အိမ်ထောင်စုဝင်များ၏ အချက်အလက်များကို စာရင်း ကောက်ယူရာတွင် အောက်ပါမေးခွန်းများပါဝင်မည်ဖြစ်ပါသည်-

(က) အမည်

သန်းခေါင်စာရင်းကောက်ယူပြီးသည့်အချိန်တွင် စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ရာ၌ လူတစ်ဦးချင်းစီ၏အမည်ဖြင့် ထုတ်ပြန်မည်မဟုတ်ဘဲ လူတို့၏လူမှုရေး၊ စီးပွားရေးနှင့်လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာအချက်အလက်များကို အုပ်ချုပ်မှုဒေသအလိုက်၊ ကျား/မ အလိုက်၊ အသက်အုပ်စုအလိုက်စသည်ဖြင့်သာ ထုတ်ပြန်ရပါသည်။ လူတစ်ဦးချင်းစီ၏ အမည်များကို မည်သည့်အကြောင်းကိစ္စအတွက်မျှ အသုံးမပြုသော်လည်း သန်းခေါင်စာရင်းကောက်ယူနေချိန်တွင် အိမ်ထောင်စုသားများအား နှစ်ကြိမ်မကောက်ယူမိအောင်သေချာစေရန်အတွက် အမည်ကို ကောက်ယူရခြင်းဖြစ်ပါသည်။ စာရင်းကောက်ယူရာတွင် လိုအပ်ချက်များ ရှိခဲ့လျှင်လည်း မှန်၊ မမှန်စစ်ဆေးနိုင်ရန်အတွက် အမည်ကိုကောက်ယူရပါသည်။

(ခ) အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ

အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံတွင် အိမ်ထောင်ဦးစီး၊ ဇနီး/ခင်ပွန်း၊ သား/သမီး၊ သမက်/ချွေးမ၊ မြေး/မြစ်၊ မိဘ/ယောက္ခမ၊ မောင်နှမ၊ အဘိုး/အဘွား၊ ဆွေမျိုး၊ မွေးစားသား/သမီး၊ ဆွေမျိုးမတော်စပ်သူ စသည်တို့ကို မေးမြန်းထားသဖြင့် အိမ်ထောင်စုများ၏ ဖွဲ့စည်းပုံကို သိရှိနိုင်ပါသည်။ ဥပမာအားဖြင့် မိဘနှစ်ပါးနှင့် သားသမီးများသာပါဝင်သော အိမ်ထောင်စု (nuclear household)လား။ အဘိုးအဘွား၊ ထွေးတော်၊ မိကြီး၊ တူ၊ သားမြေးတို့ပါဝင်သောအိမ်ထောင်စု(extended household)၊ လား။ တော်စပ်ပုံအမျိုးမျိုးပါဝင်သော အိမ်ထောင်စု (Composite household)လား ဆိုသည်ကို လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားကိုလည်း ဤမေးခွန်းမှဖော်ထုတ်နိုင်ပါသည်။ ဤအချက်အလက်များသည် နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရန်အတွက် စီစဉ်ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အိမ်ထောင်စုများ၏ လူဦးရေနှင့် လူမှုရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများကို အသေးစိတ် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရန်အတွက်အသုံးဝင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အိပ်ခန်းမည်မျှပါသော အိမ်ရာအဆောက်အအုံ ဆောက်လုပ်မည် စသည်ကဲ့သို့ အိမ်ရာစီမံကိန်းများရေးဆွဲရန်အတွက် အသုံးဝင်မည်ဖြစ်ပါသည်။

(ဂ) ကျား/မ

ဤမေးခွန်းမှ ကျားနှင့်မလူဦးရေကိုခွဲခြားဖော်ပြပြီး ကျား/မ ခွဲခြား ဖော်ပြသည့် စာရင်းအင်းအချက်အလက်များသည် အခြေခံကျသည့် လိုအပ်ချက်ဖြစ်ပါသည်။ ပညာရေး၊ အလုပ်လုပ်ကိုင်မှု၊ အိမ်ထောင်ရေးအခြေအနေ၊ ပြောင်းရွှေ့သွားလာမှု၊ မသန်စွမ်းမှု၊ နေထိုင်မှုပုံစံစသည့် သန်းခေါင်စာရင်းမှကောက်ယူရရှိနိုင်သည့် လူမှုစီးပွားရေးနှင့် လူဦးရေဆိုင်ရာဝိသေသ အချက်အလက်များစွာသည် ကျား/မအလိုက် ကွဲပြားခြားနားမှုများရှိနေပါသည်။ လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီး၊ အမျိုးသားခွဲခြားဆက်ဆံမှုရေးထင်ဟပ်စေသည့် အချက်အလက်များသည် ကျား/မ သာတူညီမျှ ရှိရေးဆိုင်ရာ မူဝါဒနှင့်အစီအစဉ်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင်အသုံးပြုရန်အတွက် အရေးကြီးပါသည်။

(ဃ) ပြည့်ပြီးအသက်

သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ပြည့်ပြီးသည့် အသက်ကို ကောက်ယူမည်ဖြစ်ပါသည်။ လူဦးရေတိုးပွားလာခြင်းအတွက် အသက်အုပ်စုအလိုက်လူဦးရေ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်မှုများကို အသက်ဖွဲ့စည်းမှုအချက်အလက်များမှ ခွဲခြားဖော်ပြနိုင်ပါသည်။ လူဦးရေတစ်ခုလုံးနှင့် အသက်အုပ်စုအလိုက်လူဦးရေတို့၏ လိုအပ်ချက်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ရေးဆွဲရန်အတွက် အသက်ဖွဲ့စည်းမှုအချက်အလက်များသည် မရှိမဖြစ်လိုအပ်ပါသည်။ ဥပမာ-အသက် ၅နှစ်နှင့်အောက် လူဦးရေကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်အစိုးရသည် နောင်လာမည့်နှစ်များအတွင်း မူကြိုကျောင်းများ၊ စာသင်ကျောင်းများ၊ ဆရာ ဆရာမများ မည်မျှလိုအပ်မည်ကို ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အုပ်စုအလိုက် လူဦးရေနှင့် ထိုလူဦးရေကို အထက်တွင်ဖော်ပြထားသည့်တိုင်း ကျား/မခွဲခြား၍ သိရှိခြင်းဖြင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အုပ်စုအတွက် ကျား/မ အလိုက် သင့်လျော်မည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သက်ကြီးရွယ်အို အချိုးအစားအလိုက် လူဦးရေကိုသိရှိရခြင်းဖြင့် နိုင်ငံတော်အတွင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(င) အိမ်ထောင်ရေးအခြေအနေ

အိမ်ထောင်ရေးအခြေအနေမေးခွန်းတွင် အပျို/လူပျို၊ အိမ်ထောင်ရှိ၊ မုဆိုးဖို/မုဆိုးမ၊ ကွဲကွာ၊ သာသနာ့ဝင်စသည်တို့ပါဝင်ပါသည်။ အိမ်ထောင်ရေးအခြေအနေသည် ကလေးမွေးဖွားခြင်းအကြောင်းအရာနှင့် ဆက်စပ်နေသည်ဖြစ်၍ အရေးပါအရာရောက်ပါသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ကလေးမွေးဖွားမှုနှုန်းကျဆင်းခြင်းသည် အိမ်ထောင်ပြုမှု နောက်ကျခြင်းကြောင့် ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ကျပြီးသည့်နောက် ပထမကလေးမွေးဖွားသည့် အသက်အရွယ်သည် ကလေးမွေးဖွားခြင်းအကြောင်းအရာကို လွှမ်းမိုးသက်ရောက်မှုဖြစ်ပေါ်စေပါသည်။ ဥပမာ-အသက် (၂၀) အရွယ်တွင် ပထမကလေးမွေးဖွားသည့်အမျိုးသမီးထက် အသက် (၃၀)အရွယ်တွင် ပထမ ကလေးမွေးဖွားသည့် အမျိုးသမီးသည် ကလေးအရေအတွက် ပို၍နည်းနိုင်ပါသည်။ ကလေးမွေးဖွားခြင်းအကြောင်းအရာနှင့်ဆက်စပ်လျက်ရှိသည့် အိမ်ထောင်ရေးအခြေအနေ မေးခွန်းပါအချက်အလက်များသည် နိုင်ငံတော်၏ သားဆက်ခြားစီမံကိန်းများ ဆောင်ရွက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

(စ) ကိုးကွယ်သည့်ဘာသာ၊ လူမျိုး

ကိုးကွယ်သည့် ဘာသာမေးခွန်းတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ နတ်၊ အခြားဘာသာနှင့် ဘာသာမရှိသူများစသည်တို့ ပါဝင်ပါသည်။လူမျိုးမေးခွန်းတွင်တိုင်းရင်းသားလူမျိုး၊ နိုင်ငံခြားသားလူမျိုး စသည်တို့ကိုအခြေခံ၍ ဖြေဆိုသူမှဖြေဆိုသည့်အတိုင်း စာရင်းကောက်ယူသွားမည်ဖြစ်ပါသည်။ လူမျိုးစာရင်းတွင်မပါဝင်ပါက အခြားတိုင်းရင်းသားလူမျိုးများ၊ အခြားနိုင်ငံခြားလူမျိုးများဟူ၍ စာရင်းကောက်ယူသွားမည်ဖြစ်ပါသည်။ ဤမေးခွန်းများမှ နိုင်ငံတစ်ဝန်းအုပ်ချုပ်မှုဒေသ အသီးသီးရှိ လူဦးရေကို ကိုးကွယ်သည့် ဘာသာအလိုက်၊ လူမျိုးအလိုက် ရရှိနိုင်မည်ဖြစ်ပါသည်။ ဘာသာရေးသက်ဝင်ယုံကြည်မှုများသည် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် ယုံကြည်မှုများကို များစွာလွှမ်းမိုးမှုများရှိနိုင်ပါသည်။ ဒေသတစ်ခု၏ လူဦးရေတိုးပွားမှုနှင့် လူမှုစီးပွားရေး ဦးတည်ရာကို သိရှိနားလည်နိုင်စေရန်အတွက် ထိုဒေသတွင် နေထိုင်သောလူများ၏ ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများကို သိရှိနားလည်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ လူဦးရေ၏အရေးပါသည့် အသွင်အပြင်များဖြစ်သည့် ကိုးကွယ်သည့်ဘာသာနှင့်လူမျိုးကို စာရင်းကောက်ယူရခြင်းဖြစ်ပါသည်။

(ဆ) မသန်စွမ်းမှုအခြေအနေ

မသန်စွမ်းမှုအခြေအနေမေးခွန်းတွင် အမြင်နှင့်ပတ်သက်၍သော်လည်းကောင်း၊ အကြားနှင့်ပတ်သက်၍သော်လည်းကောင်း၊ လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ရာနှင့်ပတ်သက်၍ သော်လည်းကောင်း၊ သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်အာရုံစူးစိုက်ခြင်းနှင့် ပတ်သက်၍သော်လည်းကောင်း ခက်ခဲမှုရှိ၊ မရှိနှင့်ခက်ခဲပါက အနည်းငယ်ခက်ခဲသည်လား၊ အလွန်ခက်ခဲသည်လား၊ လုံးဝမကောင်းသည်လား

(ဆက်လက်ဖော်ပြပါမည်)

အထက(၂)ဗဟန်းပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဘက်စုံထူးချွန်နှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို ကျောင်းအားကစားခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ နာယကနှင့်အမှုဆောင်များ၊ စေတနာရှင်အလှူရှင်များ၊ မိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံတော်အဆင့်(၇)ရသူတစ်ဦး အပါအဝင် ဘက်စုံကျောင်းသား ကျောင်းသူဆုနှင့် ဆရာ ဆရာမထူးချွန်ဆုရရှိသူ ၃၅၆ ဦးတို့အား တာဝန်ရှိသူများက ဆုတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်
ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ

တည်ဆောက်ရေးလုပ်ငန်းများစိစစ်ခြင်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ခြင်း(၁/၂၀၁၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် **(ယာပုံ)**ကအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၀

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅၊ ၆ ရက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၀၊ ၂၁ ရက် တနင်္လာ၊ အင်္ဂါနေ့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက် တနင်္ဂနွေနေ့ နောက်ဆုံးထား၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲအောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက်မှစ၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ဇန်နဝါရီ ၉ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ(၁၅၇)တွဲကို ပြသရောင်းချခဲ့ရာ အတွဲပေါင်း (၁၀၄) တွဲ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ အမှတ်(၁)မှ (၁၄၀၀)ထိကို ပြသရောင်းချခဲ့ရာ အတွဲပေါင်း (၆၆၅) တွဲ ရောင်းချခဲ့ရသည်။

ယနေ့တွင်လည်း ကျောက်စိမ်းအတွဲအမှတ် (၁၄၀၁)မှ (၂၈၃၉) ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲဝယ်ယူလိုသူများက ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုကြပြီး တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြရာ မွန်းလွဲ ၁ နာရီတွင် တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်မြင်သူများအား ကြေညာပေးခဲ့ကြသည်။ **(ယာပုံ)**

ရောင်းချပွဲတွင် ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများ ဝယ်ယူသူများအနေဖြင့် စပေါ်ငွေပေးချေနိုင်ရန် မဏိရတနာ ကျောက်စိမ်းခန်းမ၌ AGD Bank မှ ငွေလက်ခံဌာန ဖွင့်လှစ်ပေးထားသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ယခုကဲ့သို့ ပြပေး ကျင်းပပေးခြင်းဖြင့် ပြည်တွင်းရှိ ကျောက်မျက်၊ ကျောက်စိမ်းအချောထည် လုပ်ငန်းရှင်များ စီးပွားတိုးတက်လာပြီး ၎င်းတို့အလုပ်သမားများလည်း အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိစေမည်ဖြစ်သည်။

ယင်း အသားကျောက်များကို အချောထည် ပြုလုပ်ခြင်းအားဖြင့် တန်ဖိုးရှိသော အရည်အသွေးကောင်း ကျောက်များအောင်မြင်နိုင်ပြီး နိုင်ငံတော်က မှန်းထားသည့် ကျောက်စိမ်းအချောထည်ဈေးကွက်ကြီး ပိုမိုကျယ်ပြန့် ဖြစ်ထွန်းလာနိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

မိဘပြည်သူများသို့ ပန်ကြားချက်

အခွန်စနစ်မရှိဘဲ တိုင်းပြည်တစ်ခု မထူထောင်နိုင်ပါ

လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာလျှင် စားဝတ်နေရေး လိုအပ်ချက်၊ ဆက်သွယ်သွားလာရေး လိုအပ်ချက်၊ ကျန်းမာရေး လိုအပ်ချက်၊ လုံခြုံရေး လိုအပ်ချက်များအတွက် ထိုလူ့အဖွဲ့အစည်းက မဖြစ်မနေ တောင်းဆိုလာပါမည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးမရှိလျှင် လုယက်အနိုင်ကျင့်မှုများ၊ တရားမဲ့ ခိုးဆိုး လူသတ်မှုများ မလွဲမသွေ ပေါ်လာပါမည်။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဆိုလျှင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့များ၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများသာမက ရုံးများ၊ ယာဉ်များ၊ ရုံးသုံးပစ္စည်း စသည်များကို ထူထောင်ပေးရမည်ဖြစ်ပါသည်။ စားဝတ်နေရေးအပါအဝင် အခြားလိုအပ်ချက်များစွာအတွက်လည်း ဈေးများ၊ ဘဏ်များ၊ မီးသတ်များ၊ လမ်းတံတား၊ သုံးရေပေးစနစ်၊ ရေဆိုးမြောင်း၊ အမှိုက်စွန့်ပစ်မှုစနစ်၊ ဆေးရုံ/ ဆေးပေးခန်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးစနစ် စသည်ဖြင့် များမြောင်လှသော လုပ်ငန်းများကို ထူထောင်ပေးရမည်ဖြစ်ပါသည်။

ထိုများမြောင်လှသော လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ထိုလူ့အဖွဲ့အစည်းက ငွေကြေးဝေစုထည့်ဝင်သော စနစ်တစ်ခုကို ရေးဆွဲကျင့်သုံးရပေမည်။ ထိုသို့ အများအကျိုးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းများကို ထူထောင်ရန်၊ ကုန်ကျစရိတ်များကို ကျခံရန် ငွေကြေးဝေစု ထည့်ဝင်ရခြင်းကိုပင် “အခွန်ကောက်ခံသည်”ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

အများအကျိုးဆောင်ရွက်ရန် ထည့်ဝင်ရသော အခွန်တာဝန်ကျေပွန်စေရေး သို့မဟုတ် မွန်မြတ်သော တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ရေးအတွက် အများပြည်သူက ဝိုင်းဝန်း အကူအညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

The Government of the Republic of the Union of Myanmar
ASEAN Summit and related Summits Committee
Sub-Committee on Logistics and Administration
INVITATION FOR BIDS
ON
SPONSORSHIP MANAGEMENT CONSULTANT

1. The Republic of the Union of Myanmar has assumed the Chairmanship of ASEAN in 2014 and will hold 24 th ASEAN Summit and 25thASEAN Summit and Related Summits in Nay Pyi Taw, Myanmar. It will be the first time that Myanmar takes ASEAN Chairmanship since it joined ASEAN in 1997.

2. Myanmar has drawn great attention from the international community due to its significant reforms, abundant natural resources and historic and scenic beauties. Hosting of ASEAN Summits and related Summits will be a golden opportunity for the local and foreign companies to promote business and to further expand investment in myanmar and to the Southeast Asia region.

3. In view of the above opportunities, bids are invited by the Sub-Committee on Logistics and Administration for the selection of Sponsorship Management Consultant with the following terms and conditions;-

(1) One bidder shall be selected as Sponsorship Management Consultant:

(2) Closed Envelope Bidding Shall be made on the following Categories:-

(a) Computers and IT Products support:
(b) Internet Services and Technical assistance:
(c) Conference Management:
(d) Food and Beverage:
(e) Billboards and Banners:
(f) Security equipments:
(g) Lighting facilities for Meeting Venue:
(h) Dresses for Liaison Officers, Security Officers and Drivers:
(i) Floral Services:
(j) Mobile Phone Hand sets and Sim Cards:
(k) Souvenirs:
(l) Meeting Document kits and Collaterals:
(m) Financial services and
(n) Others.

(3) Colsed Envelope Bidding shall include the following;
(a) Proposed Bidding and Quotations:
(b) Financial Background: and
(c) Company Profile.

(4) The selected Sponsorship Management Consultant shall work on commission basis and deposit of USD 100,000 at the designated bank account after signing the Agreement.

(5) No territorial limit of marketing sponsorship.

(6) Deposit shall be refunded within 7 banking days after the event.

4. Bids shall be only on the official Bidding Form and to be delivered into the Tender Box located at the Ministry of Foreign Affairs, Office No.9, Nay Pyi Taw no later than (16:00) hours on 24 January 2014.

5. Bids shall be opened at the Ministry of Foreign Affairs, Office No.9. Nay Pyi Taw at on 27-31 January 2014.

6. Announcement on the successful bidder will be made on 1 February 2014.

7. Official Bidding Form shall be available at the Ministry of Foreign Affairs, Office No.(9), Nay Pyi Taw during the office hour from (17-1-2014) to (24-1-2014) in payment of Kyat 10,000(Kyat Ten thousands).

8. Inquiry can be made at the following contact phone numbers:067-412052,067-412352,067-412354

Secretary
Sub-Committee on Logistics
and Administration
ASEAN Summit and Related
Summits Committee

ပြည်တွင်းသတင်း

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး စုပေါင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ(၈)မြို့နယ် လယ်ယာကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးနှင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေး စုပေါင်းဆွေးနွေးပွဲကို နေပြည်တော်ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယိုဆည်ရေသောက် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ ဘက်စုံ သီးနှံတောင်သူပညာပေးစံပြစိုက်ကွင်း ယာယီမဏ္ဍပ်၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ပြပွဲ၊ ပြိုင်ပွဲကို ယခုဧက ၉၀၀ စိုက်ကွင်း၌ မတ်လ ၂ ရက် တောင်သူလယ်သမားနေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ယနေ့ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်**(အပေါ်ယာပုံ)**က နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့်လယ်ယာ ၆၂၉၅ ဧက ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပြီး ၃၉၆၆ ဧကကို စိုက်ပျိုးရာသီအမီ ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊အဆင့်မြင့်လယ်ယာစနစ်၏ အကျိုးကျေးဇူးကြောင့် တောင်သူလယ်သမားများဘဝသည် ယခင်ကထက် သိသိသာသာ တိုးတက်ပြောင်းလဲသွားသည်ကို မိမိတို့ကိုယ်တိုင်အသိပင်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဘဝတိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

အလားတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဈေးကွက်ရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများ အရည်အသွေးကောင်း အဆင့်မီထုတ်လုပ်ရန်လိုအပ်ပြီး စနစ်တကျ ရောင်းဝယ်မှုပြုနိုင်ရန်အတွက် လက်ကားဈေးကွက်များ ပေါ်ထွန်းလာရေး ပုဂ္ဂလိက၊ သမဝါယမ၊ အစိုးရကဏ္ဍများကို ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ တောင်သူလယ်သမားများအပိုင်းက လယ်ယာကဏ္ဍကို အခြေခံပြီး အားသွန်ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်သည် ဝင်ငွေတိုးတက်ရေးဖြစ်သည်။ တောင်သူများဝင်ငွေတိုးတတ်စေရန်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးအဆောက်အအုံကို အခြေခံတောင့်တင်းခိုင်မာအောင် အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ သီးနှံများ၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဈေးကွက်တွက်ခြေကိုက်သည့် သီးနှံများကို ရွေးချယ်ပြီး တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးကာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်သွားရန် လိုအပ်သည်။ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးခြင်းဖြင့် သီးနှံများ သယ်ယူပို့ဆောင်ရေး၊ ထုတ်ကုန်ပစ္စည်းများ စုစည်းရေးတွင် လွယ်ကူစေမည်ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဈေးကွက်ဝင်ပြီး အရည်အသွေးမီသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်ကောင်းမွန်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ပါက ကမ္ဘာ့သစ်သီးဝလံဈေးကွက်ကို ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း စသည့် အသင်းအဖွဲ့များက ပူးပေါင်းအားပေးကူညီသွားမည် ဖြစ်ပါကြောင်း၊ သစ်သီးဝလံအမျိုးအစားတစ်ခုချင်းအလိုက် အစုအဖွဲ့များ၊ ဇုန်များဖွဲ့စည်းထူထောင်၍ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ လယ်ယာထွက်ကုန်များ၏ လက်ကား ဈေးကွက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

သစ်သီးဝလံများ ပြည်ပတင်ပို့နိုင်မှု အနေဖြင့် ၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၈၉၂ သန်းသာ တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇၃ ဒသမ ၈၃၁ သန်းအထိ ပိုမိုတိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒီဇင်ဘာလကုန်အထိ ၃၄ ဒသမ ၉၈၁ သန်းဖိုး တင်ပို့ထားပြီးဖြစ်ကြောင်း၊ အထူးသဖြင့် သရက်သီး၊ ဖရဲသီးနှင့် သခွားမွှေးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပမာဏ ပိုမိုများပြားလာသကဲ့သို့ ပြည်ပတင်ပို့နိုင်မှုတွင်လည်း အခြားသစ်သီးဝလံများထက် အဆပေါင်းများစွာ ပိုမိုတင်ပို့လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်များတွင် အသုံးပြုလျက်ရှိသောသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ နေ့စဉ်လိုအပ်ချက်နှင့် ဈေးကွက်အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော် တပ်ကုန်း၊ ဇေယျာသီရိ၊ ပျဉ်းမနား၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ တောင်သူလယ်သမားများက လယ်ယာဖော်ထုတ်ထားမှု၊ သီးနှံစိုက်ပျိုးထားရှိမှုနှင့် ထွက်ရှိမှု၊ စိုက်ပျိုးရေးနှင့် ဈေးကွက်တည်ရှိမှုတို့ကို ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ Big M ကုမ္ပဏီဥက္ကဋ္ဌ Mr. Mong Kol က နေပြည်တော်ကောင်စီနယ်မြေတွင် ကညွတ်အပါအဝင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက လယ်ယာစက်ကိရိယာများ ပံ့ပိုးပေးမည့် အခြေအနေနှင့် အအေးခန်းစက်ရုံများ ဆောက်လုပ်မည့်အခြေအနေနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အသုံးပြုနိုင်ရန် ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ကြီး နှစ်စီးနှင့် တရုတ်နိုင်ငံထုတ် ရိတ်သိမ်းခြွေလှေ့စက်ငယ် ၁၀ စီး လှူဒါန်းခဲ့သည့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စု လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲကျင်းပခြင်းဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ဧကများ တိုးတက်လာပြီး တောင်သူများ ဝင်ငွေမြင့်မားလာကာ ပြည်ပဈေးကွက်ရရှိလာနိုင်ကြောင်းနှင့် တောင်သူများ ယခုထက်အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လိုင်စင်ရယူဖွင့်လှစ်ရောင်းချသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အရေအတွက် ပိုမိုတိုးမြှင့်များပြားလာ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်သူများအနေဖြင့် နေရာအနှံ့အပြားတွင် စက်သုံးဆီများကို လွတ်လပ်စွာအလွယ်တကူလိုသလောက် ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့် လိုင်စင်ရယူ၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ရာ ယနေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် ၁၀၈၅ ဆိုင်ရှိခဲ့သည်။ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲ အရောင်းဆိုင် ၄၆၀ ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၂၇၀ အထိ အများဆုံး ဖွင့်လှစ်ရောင်းချနေကြောင်းနှင့် ချင်းပြည်နယ်တွင် နှစ်ဆိုင်ဖွင့်လှစ် ရောင်းချနေကြောင်း သတင်းရရှိသည်-

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	စွမ်းအင်ဝန်ကြီးဌာန၏ လိုင်စင်ရယူ၍ဖြန့်ဖြူး ရောင်းချနေသည့် အရောင်းဆိုင်များ	လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲ အရောင်း ဆိုင်များ
၁။	နေပြည်တော် ကောင်စီ	၁၂	၁၃
၂။	ရန်ကုန်တိုင်း ဒေသကြီး	၁၀၀	၅၂
၃။	မန္တလေးတိုင်း ဒေသကြီး	၂၇၀	၅၆
၄။	ဧရာဝတီတိုင်း ဒေသကြီး	၁၀၆	၄၉
၅။	ပဲခူးတိုင်းဒေသကြီး	၁၅၅	၄၈
၆။	စစ်ကိုင်းတိုင်း ဒေသကြီး	၆၃	၃၆
၇။	မကွေးတိုင်း ဒေသကြီး	၅၅	၂၃
၈။	တနင်္သာရီတိုင်း ဒေသကြီး	၇	၁၂
၉။	ကချင်ပြည်နယ်	၃၅	၂၈
၁၀။	ကယားပြည်နယ်	၇	၃
၁၁။	ကရင်ပြည်နယ်	၁၉	၄
၁၂။	ချင်းပြည်နယ်	၂	၁
၁၃။	မွန်ပြည်နယ်	၅၃	၃၁
၁၄။	ရခိုင်ပြည်နယ်	၁၈	၂၂
၁၅။	ရှမ်းပြည်နယ်	၁၈၃	၈၂
	စုစုပေါင်း	၁၀၈၅	၄၆၀

စွမ်းအင်ဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်နေ့တည်းနေ့ဝက်အတွင်း မီးလောင်မှုလေးမှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၁၀ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က တောင်ဥက္ကလာပမြို့နယ်အမှတ်(၄)ရပ်ကွက် ဇာဂ(၂၀)လမ်းရှိ အိမ်ရှင်ဦးစံကျင်း၏ နေအိမ် အောက်ထပ်တွင် မွေးမြူထားသော အိမ်မွေးကြက်သားပေါက်များကို ထင်းရှူးပုံးအတွင်း ထည့်၍ လျှပ်စစ်မီးသီးဖြင့် အပူပေးထားရာမှ ဟောင်းနွမ်းသောဝိုင်ယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

တောင်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေးယာဉ်နှစ်စီး သွားရောက်ခဲ့သည်။ ပတ်ဝန်းကျင်နေပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ပေးမှုကြောင့် မွန်းလွဲ ၁ နာရီ ၁၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ရွှေပြည်သာ

ထို့အတူ ဇန်နဝါရီ ၁၀ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်က ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက် ဗိုလ်လရောင်ပန်းခြံ (၃) လမ်းရှိ အိမ်ရှင်ဒေါ်အုံးမြ၏သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် မီးလောင်မှု ဖြစ်ခဲ့ရာအိမ်နှစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှု အကြောင်းအရင်းမှာ အော်တိုမီးအားမြှင့်စက်အပူလွန်ကဲရာမှ အနီးရှိ စာအုပ်သို့ မီးကူးစက်လောင်ခြင်းဖြစ်သည်ဟု သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ရေးယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် တစ်စီးတို့ဖြင့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၉ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က ရေဂါလန် ၁၈၀၀၀ အသုံးပြု မီးငြိမ်းသတ်ပေးမှုကြောင့် နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

လှည်းကူး

ဇန်နဝါရီ ၁၀ ရက် နံနက် ၆ နာရီခွဲက ယာဉ်မောင်းဦးအောင်မော်၊ ယာဉ်နောက်လိုက် ဦးမျိုးမြင့်တို့ မောင်းနှင်လာသော ရန်ကုန်-ထားဝယ် ပြေးဆွဲသည့်ငွေငန်းဖြူယာဉ်လိုင်းမှ ယာဉ်အမှတ် ၉C/--- ဟွန်ဒိုင်း အစိမ်းရောင် Ehpress သည် ခရီးသည်များတင်ဆောင်ပြီး နေပြည်တော်မှ ရန်ကုန်သို့အလာ လှည်းကူးမြို့နယ် မိုင်တိုင် ၂၂ မိုင် ၁ ဖာလုံခန့်အရောက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု အကြောင်းအရင်းမှာ မောင်းနေစဉ် အင်ဂျင်အပူရှိန်မြင့်တက်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ခဲ့သည်။ ခရီးသည်များ လုံးဝထိခိုက် ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ အမြန်လမ်းမီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ရေးယာဉ်တစ်စီး၊ ပဲခူးမြို့ ဘုရားကြီးမီးသတ်တပ်ဖွဲ့စခန်းမှမီးငြိမ်းသတ်ရေးယာဉ်တစ်စီးစုစုပေါင်း နှစ်စီး သွားရောက်ငြိမ်းသတ်ပေးမှုကြောင့် နံနက် ၇ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

သာကေတ

ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်က သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် မြခွာညို အိမ်ရာအနီး ဧရာဝဏ်လမ်းမကြီးပေါ်၌ ယာဉ်မောင်း ကိုအောင်အောင် မောင်းနှင်လာသော သာကေတမှ လှိုင်သာယာသို့ပြေးဆွဲသည့် ရွှေညီ့သည် (၂)ယာဉ်လိုင်းမှ ယာဉ် အမှတ် ၇ခ/---ဟီးနိုး အဝါ၊အပြာ နှစ်ရောင်စပ်ယာဉ်သည် သာကေတအဝိုင်းမှ သာကေတ ကျောက်တိုင်သို့ အသွား မီးလောင်မှုဖြစ်ခဲ့သည်။ **(ဝဲပုံ)**

မီးလောင်မှု အကြောင်းအရင်းမှာ အင်ဂျင်ခန်းရှိ ဂက်စ်ပိုက်ပြုတ်၍ အင်ဂျင်အပူနှင့် ထိတွေ့ရာမှ မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကြီးတင်

မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို ယုံကြည် ဒိန်းမတ်အပါအဝင် ပဲရစ်ကလပ်နိုင်ငံများက ကြွေးမြီများပေးခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Rasmus Helveg Petersen တို့သည် မြန်မာနိုင်ငံက ဒိန်းမတ်နိုင်ငံအပေါ် ပေးရန်ရှိသော ဒိန်းမတ်ကရိုနာ (၂၉၄ ဒသမ ၉၆၇) သန်း (အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၃၉ သန်း) တန်ဖိုးရှိ ကြွေးမြီပယ်ဖျက်ရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများကို ယုံကြည်လက်ခံကြိုဆိုပြီး ကြွေးမြီများပေးခြင်း၊ ပယ်ဖျက်လာခြင်းများ ပြုလုပ်ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ရှေ့ဆက်လက်၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဒိန်းမတ် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာစွာ အသွင်ကူးပြောင်းမှုအပေါ် ကူညီခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကိစ္စများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားပြီး ကြွေးမြီပယ်ဖျက်ရေးဆိုင်ရာ သဘောတူစာချုပ်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E.Mr.Rasmus Helveg Petersen တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဒိန်းမတ်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့သည် မြန်မာနိုင်ငံမှတင်ရှိနေသော ကြွေးမြီများအား ၁၀၀ ရာခိုင်နှုန်း ကြွေးမြီပယ်ဖျက်ပေးသော နိုင်ငံများဖြစ်ကြောင်း သတင်းရရှိသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုအစိုးရသစ်တက်လာပြီးနောက် ယခင်ကာလများက ပေးရန်ရှိနေခဲ့သော ကြွေးမြီများ ပယ်ဖျက်ခွင့်၊ ရှင်းလင်းခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဒိန်းမတ်နိုင်ငံအပါအဝင် ပဲရစ်ကလပ်နိုင်ငံများက

(သတင်းစဉ်)

အင်ဂျင်နီယာနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းပြပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကစီစဉ်မှုဖြင့် ၂၀၁၄ ခုနှစ် အင်ဂျင်နီယာ နည်းပညာနှင့် ထုတ်ကုန်ပစ္စည်းပြပွဲ (Process & Products Show-2014) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လှိုင်မြို့နယ် တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဖွင့်လှစ်ပြသသွားမည်

ပြပွဲတွင် စက်မှုထုတ်ကုန်များ၊ ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ပစ္စည်းများ၊ စက်နှင့်စက်ပိုင်းဆိုင်ရာ အပိုပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများကို ကုမ္ပဏီ ၃၀ မှ ပြခန်း ၄၄ ခန်းဖြင့် ဇန်နဝါရီ ၁၂ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာဦးဇော်လင်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်မည့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများမှာ လှည်းကူးမြို့နယ် ဒါးပိန်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကျောက်တန်းမြို့နယ် မီးပြ(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပြောင်းရွှေ့အသစ်ဆောက်လုပ်ခြင်း၊ ထန်းတပင်မြို့နယ်၌ သမိန်တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ကြည့်မြင်တိုင်မြို့နယ် စက်ဆန်း တိုက်နယ်ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းတို့ ဖြစ်သည်။ ထို့အပြင် ထန်းတပင်မြို့နယ်အတွင်း ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကွဲကူးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ ရွှေကြာဗျိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပြောကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဝါးတရာကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရေကျော်ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကျူတောကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အုံဆောက်လုပ်ခြင်း၊ ကျားဟုန်း ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ရန်ကုန်(အရှေ့ပိုင်း)ဆေးရုံကြီး အကြီးစားမွမ်းမံခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုက်နယ်ဆေးရုံလေးခု၊ ကျေးလက် ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခုနှင့် ရန်ကုန်(အရှေ့ပိုင်း)ဆေးရုံ အကြီးစားမွမ်းမံခြင်းတို့ ဖြစ်သည်။ အဆိုပါစီမံကိန်းများကို၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကာလတွင် အကောင်အထည်ဖော်သွားနိုင်မည် ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်ခြင်းဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုသည် ပြည်သူ ၅၀၀၀ခန့်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ပြီး ကျေးလက်ကျန်းမာရေးဌာန တစ်ခုသည် ပြည်သူ ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ကြောင်း သိရသည်။

ထို့အတူ တိုက်နယ်ဆေးရုံတစ်ရုံသည် ပြည်သူ ၅၀၀၀၀ ခန့်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည်ဖြစ်ရာ ဒေသခံပြည်သူများ၏ နေထိုင်မှု အခြေအနေပေါ် မူတည်ပြီး ကျန်းမာရေးလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

(မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

● ကျောဖုံးမှ

လူစုပြီး ၈ ရက်က စတင်စခန်းသွင်း လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း အတွေ့အကြုံအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် alpha မသန်စွမ်း အဖွဲ့အစည်း စသည်တို့နှင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်းလည်း သိရသည်။

မြန်မာအသင်းအနေဖြင့် အားကစားသမားမှာ ဇော်မင်းဦး၊သော်ဇင်ဦး၊ အောင်ကိုကို၊ဟိန်းစိုးဝင်း၊ အောင်ဇော်ဝင်း၊ မင်းကိုကို၊ ဇော်နိုင်ထွန်း၊ မင်းသီဟ၊ ထင်လင်းသူ၊ အောင်မြင့်ဝင်း၊ စိုးသူအောင်နှင့် မျိုးသိန်း စုစုပေါင်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့်ကစားသမားများမှာ သတ်မှတ်ထားသည့် ဆေးအဆင့် (၁၄) ကျော်ပြီးယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။ မြန်မာအသင်းအနေဖြင့် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း တစ်နေ့နှစ်ကြိမ်လေ့ကျင့်မှုများ ပြုလုပ်ပြီး ဖိုင်နယ်တက်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

ယှဉ်ပြိုင်ကစားသွားမည်

အဆိုပါပြိုင်ပွဲ ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက် အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ တိပိဋကဓရဘွဲ့ရ အရှင်ဝါသေဌာလင်္ကာရ (ရွှေနံ့သာဆရာတော်)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့်ဖွားသက္ကရာဇ်

အရှင်ဝါသေဌာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် နံ့သာကုန်းရွာ ခမည်းတော် ဦးကျော်သိန်း-မယ်တော် ဒေါ်ခင်လှိုင်တို့မှ ၁၃၃၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် ၂၄-၇-၁၉၇၄ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၅၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့တွင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပါဠိပါရဂူ (Ph.D) ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့သဘာဝဆေးပေါ့လိပ်ရုံပိုင်ရှင် ဦးအောင်ငွေး-ဒေါ်ရီရီဝင်း၊ ညီမဖြစ်သူ ဒေါ်မာမာငွေး၊ သားသမီးများဖြစ်ကြသော ကိုအောင်မြင့်-မကြည်ကြည်ခိုင်၊ မရီရီလှိုင်၊ မောင်ရန်မျိုးအောင်၊ မောင်အောင်ဇော်လတ်-မခင်ချောစုငြိမ်း၊ သား-အာကာပြည့်ဖြိုး၊ မကေခိုင်လတ်၊ (မောင်စိုင်းအောင်ထွေး)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ(ဦးသန်းငွေး)-ဒေါ်စိန်ရီ၊ သားသမီးများဖြစ်ကြသော ဗိုလ်မှူးမင်းဆွေမြင့်(ငြိမ်း)-ဒေါက်တာဒေါ်ခင်စောဦး(အကြောအဆစ်အထူးကုပါရဂူ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ တွဲဖက်ပါမောက္ခဌာနမှူး၊ ခန္ဓာသန်စွမ်းမှုနည်းပညာဌာန) စသော အလှူရှင် ၂၅ ဦးတို့မှလည်း သိမ်ထပ်မင်္ဂလာသဘင် ဆင်ယင်ကျင်းပပူဇော်ခဲ့ကြပါသည်။

ကျေးဇူးရှင်ဆရာတော်များ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် နံ့သာကုန်းကျေးရွာ ကမ္ဘာ့ရန်ကင်းကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဓမ္မ၊ ကလေးမြို့ ချင်းဆိုင်ရွာ ကမ္ဘာ့ရန်ကင်းကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမင်္ဂလ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ပါဠိပါရဂူ (Ph.D) ဆရာတော်ဘုရားကြီး၊ လက်ရှိပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိဇနှင့်ဘဒ္ဒန္တဉာဏိဿရ၊ ဘဒ္ဒန္တကုန္ဒက(အုန်းတောရွာ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော်)၊ ဘဒ္ဒန္တဝိရောစန (မရမ်းကုန်းမြို့နယ် မဟာသုခါရာမစာသင်တိုက်ဆရာတော်)၊ ဘဒ္ဒန္တနာဂိတ (ရွှေပြည်သာပရိယတ္တိစာသင်တိုက်ဆရာတော်)၊ ဘဒ္ဒန္တနန္ဒိမာဓိပတိ (မင်းကွန်းဖောင်တော်သီကျောင်းတိုက်ဆရာတော်)၊ ဒေါက်တာဘဒ္ဒန္တဝဏ္ဏသီရိ(ရွှေဘုံဦးကျောင်းတိုက်ဆရာတော်)၊ ဘဒ္ဒန္တကုန္ဒဓမ္မ(တာချီလိတ်မြို့ တောင်တန်းသာသနာပြုဗဟိုဌာန ကျောင်းတိုက်ဆရာတော်)၊ ကရင်ပြည်နယ် ဘားအံမြို့ ကျောက်ကလပ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိမလ၊ ပေါင်းတည်မြို့ လှပခြင်းရွာ မိုယ်းကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ၊ မုံရွာမြို့ သဒ္ဓမ္မဇောတက သုဗောဓာရုံကျောင်းတိုက် ပဓာနနာယက ဒွါဒသမမြောက် တိပိဋကဓရဆရာတော် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီတလစသော ဆရာတော်များဖြစ်ကြပါသည်။

အောင်မြင်ခဲ့သောစာမေးပွဲများ

ဂဏဝါစကသာမဏေကျော်ဘွဲ့(ဒုတိယဂုဏ်ထူး)၊ မန္တလေးမြို့ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့(ပထမဂုဏ်ထူး)၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာသာမဏေကျော်ဘွဲ့(ပထမဂုဏ်ထူး)၊ ပဲခူးမြို့ သဒ္ဓမ္မရက္ခိတသာမဏေကျော်ဘွဲ့(တတိယဂုဏ်ထူး)၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူ-၁(တတိယဂုဏ်ထူး)၊ ဂဏဝါစကဓမ္မာစရိယဘွဲ့ (ဒုတိယဂုဏ်ထူး)၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ရန်ကုန်မြို့ နိကာယဇ္ဈောတကသမိတိ အတ္တဝိသာဒရဝိနယရဘွဲ့၊ နိကာယဇ္ဈောတကသမိတိဓမ္မတ္ထဝိသာဒရ ဒီဃဘာဏကဘွဲ့၊ နိကာယဇ္ဈောတကသမိတိဓမ္မတ္ထဝိသာဒရ မူလအာဘိဓမ္မိကဘွဲ့၊ အစိုးရတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၌ ဥဘတောဝိဘင်္ဂရဘွဲ့၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ မူလအာဘိဓမ္မိကဘွဲ့ (အထူးအောင်)၊ မူလအဘိဓမ္မကောဝိဒဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၅ ခုနှစ် (၆၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋကအဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်း (က)အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိကဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့်အရိုးနီကနက္ကဒက်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်ဝါသေဌာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်ပြီးဆုံးပြီဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ၎င်း အောင်လက်မှတ်နှင့်အရိုးနီကနက္ကဒက်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါသည်။

■ ကျောဖုံးမှ

ဒါပေမယ့် ရွှေကတော့ တစ်ခါတလေ တစ်မျှောကို တစ်မတ်သားရတဲ့အခါလည်း ရှိသလို တစ်ရက်တလေ ကျပြန်တော့လည်း ရွှေးကြီးငါးရွှေးခြောက်ရွှေးနဲ့ အပြီးသတ်တဲ့နေ့လည်း ရှိပါတယ်။ ပုံမှန်တော့ပြောလို့မရပါဘူး။ ရွာရဲ့ဟိုဘက်က ရွှေမျှောတွေကျတော့ ရွှေတစ်မျှောကို တစ်ကျပ်သားလောက်တောင်ရတာ တွေ့ရှိပါတယ်”ဟု ဇန်းမောက်မြို့နယ်နန်းမော်ရွာမှ ရွှေလုပ်သားအဖြစ် လုပ်ကိုင်နေသည့် လူငယ်တစ်ဦးက ပြောကြားသည်။

ဇန်းမောက်မြို့နယ် ရေတွင်းကုန်းကျေးရွာအနီးတွင်ရှိသော လယ်ယာမြေကွက်များတွင် ယခု ဇန်နဝါရီလဆန်း ရက်ပိုင်းကာလများမှ စတင်ကာ ရွှေတူးဖော်သည့်လုပ်ငန်းများကို အချို့လယ်ရှင်များက တွင်းထောင်ကာ လုပ်ကိုင်နေကြသလို အချို့လယ်ရှင်များကလည်း အဖက်စားပေးကာ တူးဖော်လျက်ရှိနေကြသည်။ ယင်းသို့ တူးဖော်နေသည့်နေရာများတွင် ကျေးရွာအနီးဝန်းကျင်မှဒေသခံပြည်သူများက ရွှေလုပ်သားများအဖြစ် ရွှေတူးဖော်ခြင်း လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်လာကြသည်။ ယခုအခါတွင် လယ်ယာမြေကွက်များအတွင်း၌ ရွှေတူးဖော်သူအများအပြားကြောင့် လယ်မြေပေါ်တွင် ရွှေမှော်တစ်ခု ဖြစ်ပေါ်လာကြောင်း သိရသည်။

(လ/၀၀၂)

ပြည်တွင်းသတင်း

အမျိုးသားပညာရေးအတွက် တစ်မျိုးသားလုံးပါဝင်

သတင်းအဖွဲ့

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲနေမှုများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ပြည်သူများအား တင်ပြနိုင်ရန် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးအား သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ ပြင်ပအဖွဲ့အစည်းအချို့၊ ပုဂ္ဂိုလ်အချို့က ပညာရေးမူဝါဒတွေကို အစိုးရက ဦးဆောင်ချမှတ်ဖို့ဆောင်ရွက်နေတယ်လို့ ပြောကြတာရှိပါတယ်။ ပညာရေးဝန်ကြီးဌာနက ဘယ်လိုပညာရေး မူဝါဒတွေ ချမှတ်သလဲဆိုတာ သိပါရစေ။

ဖြေ ။ ။ ပညာရေးမူဝါဒတွေကို အစိုးရကလည်း ချမှတ်မပေးပါဘူး။ ပညာရေးဝန်ကြီးဌာနကလည်း မချမှတ်ပါဘူး။ နိုင်ငံတော်အနေနဲ့ ခေတ်သစ်၊ စနစ်သစ်ကို ပြောင်းလဲတည်ဆောက်ရာမှာ ခေတ်သစ်၊ စနစ်သစ်နဲ့ လိုက်လျောညီထွေပြီး နိုင်ငံတကာပညာရေးအဆင့်အတန်းမီအောင် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲဖို့အတွက် အစိုးရက ဝန်ကြီးဌာန ၁၃ ခု၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရများ၊ ပြည်တွင်း ပြည်ပပညာရှင်များ၊ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူများ၊ Stakeholder များ အားလုံးပါဝင်ဆွေးနွေးညှိနှိုင်းနိုင်အောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ ဘယ်လိုမူဝါဒမျိုး ချမှတ်ဆောင်ရွက်မှ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းမြင့်မားလာမလဲဆိုတာကို Stakeholder အားလုံးက ညှိနှိုင်းဆွေးနွေးရမှာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာ အဲဒီမူဝါဒတွေနဲ့ လိုက်လျောညီထွေတဲ့ အမျိုးသားပညာရေးဥပဒေနဲ့ ဆက်စပ်ဥပဒေမူကြမ်း ပြုစုမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးနိုင်ဖို့အတွက် ဌာနပေါင်းစုံက ပညာရေးကဏ္ဍအလိုက် ကျွမ်းကျင်သူများနဲ့ ပြင်ပပညာရှင်၊ ကျွမ်းကျင်သူများ ပူးပေါင်းဖွဲ့စည်းထားတဲ့ Working Group တွေက ဆွေးနွေးနိုင်အောင် အဆိုပြု(မူကြမ်း)ကို မတည်ပြုစုတင်ပြပြီး၊ ဝိုင်းဆွေးနွေးကြပြီး ကဏ္ဍအလိုက်မူဝါဒမူကြမ်းရေးဆွဲတာ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေက မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်များကိုမဆို အချိန်မရွေး တွေ့ဆုံဆွေးနွေးနိုင်ပါတယ်။ ဒါကြောင့် Top Down Approach မဟုတ်ဘဲ Bottom Up Approach အောက်ခြေက မိမိတို့ရဲ့ပညာရေးလောကကောင်းအောင် မိမိတို့ကိုယ်တိုင် စီမံခွင့်ရရှိတာဖြစ်ပါတယ်။

မေး ။ ။ Working Group အဆင့် ဆွေးနွေးညှိနှိုင်းရရှိတာတွေကို ဘယ်လိုအဆင့်ဆင့် တင်ပြဆောင်ရွက်ပါသလဲ။

ဖြေ ။ ။ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့တွေနဲ့ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီကို Working Group အဖွဲ့တွေက မူဝါဒမူကြမ်းပြုစုတာပြီးစီးကြောင်း တင်ပြတဲ့အခါ ကော်မတီက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒီမူဝါဒမူကြမ်းတွေ ပေးပို့ဖြန့်ဝေပြီး ဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲတွေက ရလဒ်များကိုစုစည်းပြီး အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပဆွေးနွေးမှာဖြစ်ပါတယ်။ အမျိုးသားအဆင့်ပြီးရင်တော့ အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကို တင်ပြမှာဖြစ်ပါတယ်။ လွှတ်တော်မှာလည်း ထပ်မံဆွေးနွေးကြဦးမှာ ဖြစ်ပါတယ်။

မေး ။ ။ တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်းပြီး အမြင်အမျိုးမျိုးရှိကြောင်း သိရှိရပါတယ်။ ဆရာ့အမြင်ကို သိပါရစေ။

ဖြေ ။ ။ ဒီကိစ္စမှာ အပိုင်းနှစ်ပိုင်းခွဲခြားပြီး ရှင်းပြလိုပါတယ်။ ဘက်စုံလွှမ်းခြုံသော ပညာရေးလေ့လာသုံးသပ်မှုနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်ပညာရှင်များနဲ့ ပြည်တွင်းပညာရှင်များရဲ့ လေ့လာသုံးသပ်မှု၊ အကြံပြုချက်တွေမှာ တက္ကသိုလ်၊ ကောလိပ်များရဲ့ စီမံခန့်ခွဲမှုကို ပြည်ထောင်စုဝန်ကြီးဌာန(၁၃)ခုက သီးခြားစီ တိုက်ရိုက်စီမံဆောင်ရွက်နေတဲ့အပိုင်း၊ ဒီအပိုင်းမှာ သင်ရိုးညွှန်းတမ်း၊ အရည်အသွေး၊ စံချိန်စံညွှန်းတွေကအစ ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းဖို့ လိုအပ်တာကို အကြံပြုတာတွေရှိပါတယ်။ ဒါ့အပြင် ဗဟိုက စီမံခန့်ခွဲမှုများအတွက် နိုင်ငံတကာတက္ကသိုလ်များနဲ့ ဆက်သွယ်ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ပညာသင်စေလွှတ်မှု၊ သုတေသနပြုမှုတွေကအစ နှောင့်နှေးမှု၊ ကန့်သတ်မှုတွေရှိနေတာကို ပြုပြင်ပြောင်းလဲမယ်ဆိုရင် သီးခြားလွတ်လပ်တဲ့တက္ကသိုလ်၊ ကောလိပ်များအဖြစ် ရပ်တည်တာ ပိုမို လက်တွေ့ကျမှာ ဖြစ်ပါတယ်။ ပညာရေး၊ စီမံခန့်ခွဲရေးတွေကို ပြည်ထောင်စု ဝန်ကြီးဌာနများရဲ့ တိုက်ရိုက်စီမံခန့်ခွဲမှုက လွတ်ကင်းတဲ့ တက္ကသိုလ်များ စီမံခန့်ခွဲမှု (University Governance) ပုံသဏ္ဌာန်ကို ဘယ်လိုသွားသင့်သလဲဆိုတာ ဆွေးနွေးဆောင်ရွက်ကြဖို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဘာသာရပ်စုံလင်စွာသင်ကြားနိုင်တဲ့ တက္ကသိုလ်များဖြစ်ရေး၊ ဘယ်လို ဆောင်ရွက်သင့်သလဲဆိုတာ ဆွေးနွေးဆောင်ရွက်ကြဖို့ နိုင်ငံတော်က လမ်းဖွင့်ပေးတာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီး။

ဒုတိယတစ်ပိုင်းရှင်းပြလိုတာကတော့ တက္ကသိုလ်၊ ကောလိပ်တွေ သီးခြားလွတ်လပ်စွာရပ်တည်မှုကို ကူးပြောင်းရင်း ပညာသင်ကြားရေးလွတ်လပ်မှု (Academic Freedom)သာမက မဟာဌာနများဖွဲ့စည်းရေးကို သီးခြားလွတ်လပ်စွာရပ်တည်တဲ့ တက္ကသိုလ်တစ်ခုချင်းစီရဲ့ ကောင်စီက စီမံနိုင်မှာဖြစ်သော်လည်း နယ်မြေဒေသတက္ကသိုလ်အသီးသီးရှိ ဆရာ ဆရာမများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနက တိုက်ရိုက်ဝင်ရောက် စီမံခန့်ခွဲတာထက် တက္ကသိုလ်၊ ကောလိပ်အားလုံးရဲ့ ဘာသာရပ်အလိုက်၊ အရည်အသွေးအလိုက် ကြားကပေါင်းစပ်ညှိနှိုင်းပေးမည့်အဖွဲ့တစ်ဖွဲ့ လိုအပ်လာပါတယ်။ ဒါကြောင့် အခြားနိုင်ငံများက ဖွဲ့စည်းမှုပုံသဏ္ဌာန်တွေကို Working Group က နမူနာချပြဆွေးနွေးမှုအပေါ် လတ်တလောအယူအဆ ကွဲပြားကြတာ ဖြစ်ပါတယ်။ အစိုးရကရော ဝန်ကြီးဌာနကရော ဘယ်လိုမူဝါဒမျိုးပဲဖြစ်ရမယ်လို့ ဆုပ်ကိုင်ထားတာ မတွေ့ရပါဘူး။ တက္ကသိုလ်ဗဟိုကောင်စီဖြစ်စေ၊ တက္ကသိုလ်များပေါင်းစပ် ညှိနှိုင်းရေးကောင်စီဖြစ်စေ၊ ဘယ်လိုခေါ်ခေါ် အမည်နာမကလည်း အရေးမကြီးပါဘူး။ တက္ကသိုလ်၊ ကောလိပ်များ သီးခြားကောင်စီနဲ့ ရပ်တည်ပြီးဖြစ်တဲ့အတွက် တက္ကသိုလ်ဗဟိုကောင်စီ သို့မဟုတ် တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီမှာ အဖွဲ့ဝင်အဖြစ်နဲ့ ပါခြင်း/မပါခြင်းကလည်း အရေးမကြီးပါဘူး။ အချို့က နည်းပညာကောင်စီ၊ ဆေးပညာကောင်စီ စသဖြင့် တက္ကသိုလ်အသီးသီး စုစည်းထားတဲ့ ကောင်စီအမျိုးမျိုး၊ အရေးအတွက် အမျိုးမျိုးဖွဲ့လိုခြင်းကလည်း အရေးမကြီးပါဘူး။ အရေးကြီးတာက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်အသီးသီးက နိုင်ငံ့ဝန်ထမ်းများဖြစ်တဲ့ ဆရာ ဆရာမများရဲ့ ခန့်အပ်မှု၊ ပြောင်းရွှေ့မှု၊ ရာထူးအဆင့်တိုးမြှင့်မှုကိစ္စတို့ကို သီးခြားစီရပ်တည်သွားကြတဲ့ တက္ကသိုလ်၊ ကောလိပ်အသီးသီးက ဘယ်လိုရွှေ့ဆက်သွားမလဲ၊ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ အဓိကစဉ်းစား ဖို့လိုပါလိမ့်မယ်။ ဒါ့ကြောင့် တက္ကသိုလ်များ ဗဟိုကောင်စီ သို့မဟုတ် တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး ရပ်တည်ကြတော့မည့် တက္ကသိုလ်၊ ကောလိပ်များအတွက် ဆရာ ဆရာမများ၊ ကျောင်းသားများသင်ကြားရေးအဆင်ပြေစေမယ့် စီမံခန့်ခွဲမှုပုံစံသစ်ကို ဆွေးနွေးလိုရင်းက အဓိက ရည်ရွယ်ချက်ဖြစ်ပြီး ဒါကို သိရှိနားလည်ဖို့လိုတယ်လို့ဖြစ်ပါတယ်။ တက္ကသိုလ် ဥပဒေရေးသားရာမှာ အထောက်အကူဖြစ်အောင် ဆွေးနွေးခြင်းဖြစ်တယ် ဆိုတာကိုလည်း သိရှိဖို့လိုပါတယ်။ ဒါကျွန်တော့်အမြင်ပါ။

မေး ။ ။ အချို့အဖွဲ့အစည်းများက ပညာရေးမူဝါဒတွေ၊ ဥပဒေမူကြမ်းတွေ လုပ်ခဲ့တာရှိနေပြီးဖြစ်ပါလျက်နဲ့ အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနက ယခုလို ကော်မတီဖွဲ့ပြီး လုပ်ဆောင်ရတာကို ရှင်းပြစေလိုပါတယ်။

ဖြေ ။ ။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနနဲ့ Development Partners များတို့က ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) ကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီစာချွန်လွှာ(Letter of Agreement) လက်မှတ်ရေးထိုးခဲ့ပါတယ်။ Data Collection Survey on Education Sector in Myanmar Final Report နဲ့ CESR Report တို့က အကြံပြုထောက်ခံချက် တင်ပြလာတဲ့အတွက် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ရန် တာဝန်ရှိတယ်လို့ခံယူတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရာ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း အကောင်အထည်ဖော်ရန် တာဝန်ရှိတယ်လို့ ခံယူဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အမျိုးသားပညာရေးဟာ တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ရမည့် ကိစ္စအဖြစ်ခံယူပြီး အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဆရာ ဆရာမ၊ ကျောင်းသား၊ မိဘ၊ ပြည်သူပြည်သားအားလုံး ပါဝင်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ မည်သည့်အဖွဲ့အစည်းမဆို အမျိုးသားပညာရေးအတွက် မူဝါဒတွေ၊ ဥပဒေတွေမှာ အပြည့်အစုံဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆွေးနွေးနိုင်၊ ပြုစုနိုင်ပါတယ်။ လွှတ်တော်ကလည်း အဖွဲ့အစည်းမျိုးစုံသာမက ပြည်သူများရဲ့အကြံဉာဏ်ကို တောင်းခံဆွေးနွေးနေတာဖြစ်တဲ့အတွက် အစိုးရကဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းကဖြစ်စေ တင်ပြလာမှုကို အလေးထားလက်ခံရယူ ဆွေးနွေးရွေးချယ်ဆုံးဖြတ်သွားမှာ ဖြစ်တယ်လို့မြင်ပါတယ်။

မေး ။ ။ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးက ချက်ချင်းဆောင်ရွက်ရမည့်ကိစ္စတွေကို ချက်ချင်းဆောင်ရွက်ဖို့၊ ရေတိုရေရှည်လုပ်ရမည့်လုပ်ငန်းတွေကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားဖို့မိန့်ကြားခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ချက်ချင်းဆောင်ရွက်တဲ့ကိစ္စတွေကို သိပါရစေ။

ဖြေ ။ ။ ချက်ချင်းဆောင်ရွက်နေတာတွေကတော့ အသားတင်ကျောင်းအပ်နှံနှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်းများစတဲ့ အညွှန်းကိန်းများမြင့်မားလာရေး၊ ကျောင်းထွက်နှုန်း လျော့နည်းလာရေးနဲ့ အရည်အသွေးအာမခံချက်ရှိသော ပညာရေးစနစ်အဖြစ် ထိန်းသိမ်းမြှင့်တင်သွားနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မှုအချို့ကို တင်ပြရမယ်

စာမျက်နှာ ၁၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
2 Unit Sheetfed Offset M/C with Perfecting (Fully Reconditioned) (1)Set ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် 2 Unit Sheetfed Offset MC with Perfecting (Fully Reconditioned) (1)Set ကို အောက်ပါ Technical Specification အတိုင်း ဝယ်ယူလိုပါသည်-

Technical Specification

Country of Orign - Japan
Brand Name - Shinohara/Komori
Control Function - Auto/Touch Screen
Printing Speed - 10000 iph up to
Thickness - (0.03 mm~0.6mm)
Paper Size - 18"x25" up to

Ready to Operate with complete accessories (such as Plate Punch, Binder, Compressor, Chiller, Transformer)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ရက်မှ ၁၇-၁-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ) အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ထုတ်ယူနိုင်ပြီး ၂၀-၁-၂၀၁၄ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အထက်ပါလိပ်စာတွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ
ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၈၀၄၊ ၀၁-၃၈၂၀၇၀

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။

(က) မြစ်ကမ်းနံဘေးရှိ ဘုရားအမှတ်(၁၃၆)၊ (၁၁၅၈)ဘုရားများတွင် မြေကာကျောက်စီနံရံများ တည်ဆောက်ခြင်း၊

(ခ) အရှေ့ဘက်လိပ်နှင့် အနောက်ဘက်လိပ်ဘုရားများ အထွေထွေမွမ်းမံခြင်း၊

(ဂ) ပုဂံရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းပြသခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ရက်မှ ၁၇-၁-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၄ရက် နံနက် ၁၀နာရီမှ ၁၁နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၄၀

ကံကောင်း
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ရေလမ်းကြောင်းသတိပေးနှိုးဆော်ချက်

ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်း [illegible] (Temporary Support)လုပ်ငန်းများဆောင်ရွက်ရန် [illegible] RP-2 နှင့် RP-3 ကြားအား (၁၆. ၁. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း [illegible] RP-4 နှင့် RP-5 ကြားအား (၁. ၂. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း [illegible] ပါသည်။

ရေလယ်ခန်းရှိ RP-3 နှင့် RP-4 ကြားအား ရေယာဉ်များသွားလာရန် [illegible] ရေလမ်းကြောင်း [illegible] လိုက်နာဆောင်ရွက်ရန်ပါသည်။

(၁) ည (၆၀၀)နာရီမှ နံနက် (၆၀၀)နာရီအတွင်း [illegible] ရေယာဉ်များ [illegible] မပြုရ။

(၂) [illegible] ရေယာဉ်များ [illegible]

(၃) [illegible] (၁၀၀၀)[illegible] (၁၀၀၀)[illegible] (Check Point)များ [illegible] ရေယာဉ်များ [illegible] မပြုရ။

(၄) [illegible] ၁၀၀ ပေ [illegible] ရေယာဉ်များ(Check Point)သို့ [illegible]

(၅) ရေယာဉ်[illegible]

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

စာမျက်နှာ ၁၀ မှ

ဆိုရင် မူလတန်းရှိသော ကျောင်းများတွင် မူလတန်းပြ ဆရာ ဆရာမ ငါးဦးအပြည့် ခန့်ထားရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မူလတန်း သင်ရိုးများ ကလေးများရဲ့ စဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်နဲ့ မူလတန်း ကျောင်းသုံးဖတ်စာအုပ်များတွင် ကလေးများရဲ့ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လိုက်လျောညီထွေဖြစ်စေဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ရေရှည်ဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းသွားပြီး အခြေခံပညာရေးစနစ်ဖွဲ့စည်းပုံနဲ့ ဒေသလိုအပ်ချက်တို့ကိုပါ လိုက်လျောညီထွေဖြစ်တဲ့ သင်ရိုးညွှန်းတမ်းများဖြစ်အောင် အဆင့်မြှင့်တင်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခမဲ့ အလယ်တန်းပညာသင်ကြားရေးနဲ့ပတ်သက်ပြီး အလယ်တန်းတွင် ကျောင်းထွက်နှုန်းလျော့နည်းလာစေဖို့ နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်တဲ့အတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကစပြီး အလယ်တန်းတွင် ကျောင်းဝင်ကြေး၊ အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေးများကို မကောက်တော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ဖြန့်ဝေသွားဖို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းဝင်ကြေး၊ အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေးများကို မကောက်တော့တဲ့အပြင် ကျောင်းများကိုလည်း ကျောင်းထောက်ပံ့ကြေးတွေ ထောက်ပံ့ပေးသွားဖို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်၊ ကောလိပ်များအား နိုင်ငံတကာတက္ကသိုလ်များနှင့် တိုက်ရိုက်ဆက်သွယ်၍ ပညာရေးပူးပေါင်းဆောင်ရွက်ခွင့်ပြုထားပါတယ်။ အဲဒီလို ခွင့်ပြုခဲ့တဲ့အတွက် တက္ကသိုလ်၊ ကောလိပ်များမှာ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်တဲ့ စွမ်းဆောင်ရည် အရည်အသွေးများကြောင့် အဆင့်မြင့်ပညာရေး အရည်အသွေးအာမခံချက်ပေးနိုင်ပြီး နိုင်ငံတော်အတွက် လိုအပ်သော ဒေသအကျိုးပြု၊ ဘွဲ့ရများနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များကို ဆက်လက်ပြုစုပျိုးထောင်သွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းစုစုပေါင်း ၁၂၉၉ ကျောင်းအသစ်ဆောက်လုပ်သွားမှာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက တင်ပြတဲ့ ကျောင်း ပေါင်း ၅၃၉ ကျောင်းလည်းပါဝင်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တက္ကသိုလ်၊ ကောလိပ် ၇၆ ခုမှာ ကျောင်းအဆောက်အအုံများ၊ ကျောင်းသားကျောင်းသူများ နေထိုင်နိုင်ရေးအတွက်အဆောင်များ စသည့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခြေခံပညာကဏ္ဍနဲ့ အဆင့်မြင့်ပညာ ကဏ္ဍနှစ်ခုစလုံးမှာလည်း ပညာသင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများ၊ ကင်းထောက်များ၊ ဘက်စုံထူးချွန်လူငယ်များကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်သလို ကျောင်းထောက်ပံ့ကြေးများ၊ ကျောင်းပရိဘောဂ၊ ဓာတ်ခွဲခန်း၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ကလေးဗဟိုပြုသင်ကြားပို့ချခြင်းသင်တန်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲရေး အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ၊ ဆရာ ဆရာမများ သင်ကြားပို့ချရေးမွမ်းမံသင်တန်းများကိုလည်း တိုးချဲ့ဆောင်ရွက် နေပါတယ်။ ရေရှည်ဆောင်ရွက်ရမှာတွေကတော့ အသားတင် ကျောင်းနေမြဲနှုန်းမြင့်မားလာရေး၊ ကျောင်းထွက်နှုန်းလျော့နည်းလာရေးနဲ့ နိုင်ငံတကာအဆင့်ရှိသော အရည်အသွေးအာမခံချက်ရှိတဲ့ ပညာရေးစနစ်အဖြစ် စဉ်ဆက်ထိန်းသိမ်းမြှင့်တင်သွားနိုင်အောင် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်တဲ့အခါမှာ အမျိုးသားပညာရေးဟာ တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ရမည့်ကိစ္စအဖြစ်ခံယူပြီး အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ၊ သတင်းမီဒီယာများ၊ ဆရာ ဆရာမ၊ ကျောင်းသား၊ မိဘ၊ ပြည်သူပြည်သား အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နေကြတဲ့အတွက် အထူးကျေးဇူးတင် မှတ်တမ်းတင်ရှိပါကြောင်းနဲ့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမယ်လို့လည်း ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ ။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အခိုးခံရသောပစ္စည်းများ ပိုင်ရှင်ထံပေးအပ်

မော်လမြိုင် ဇန်နဝါရီ ၁၀

တရုတ်နိုင်ငံသားတစ်ဦး၏ မြန်မာငွေ၊ အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဖုန်းတစ်လုံးအပါအဝင် တန်ဖိုးငွေကျပ် ၃၆ သိန်းဖိုးခန့် အခိုးခံရသော ပစ္စည်းများကို ပိုင်ရှင်အား ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီ ၉ ရက်က မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညိုလှနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးတို့က အမှာစကားပြောကြားပြီး ဇေယျာသီရိ ရဲကင်းစခန်းမှူး ရဲအုပ်သက်နိုင်ဝင်းက ၂၄ နာရီအတွင်း ဖော်ထုတ်ပြီး ပျောက်ဆုံးပစ္စည်းများကို လိုက်လံသိမ်းဆည်းနိုင်ခဲ့သည့်အကြောင်းကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဇေယျာသီရိစခန်းမှူး ရဲအုပ်သက်နိုင်ဦးက ပိုင်ရှင်ဖြစ်သူ လီကွန်ဂျွန်းထံ ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက်နံနက် ၄ နာရီက မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် မြိုင်သာယာလမ်းဆုံရှိ ရွှေလိပ်ပြာတည်းခိုခန်း အခန်းအမှတ် ၂၀၁ တွင် တည်းခိုနေသည့် တရုတ်နိုင်ငံသားလီကွန်ဂျွန်း (၃၉)နှစ် အိပ်ခန်းအတွင်းမှ တန်ဖိုးငွေကျပ် ၃၆ သိန်းခန့်တန်သော မြန်မာငွေ၊ အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဖုန်းတစ်လုံးအပါအဝင် အခိုးခံရကြောင်းကို တရုတ်နိုင်ငံသား လီကွန်ဂျွန်းက သက်ဆိုင်ရာ ဇေယျာသီရိရဲစခန်းသို့ တိုင်ကြားခဲ့သည်။ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇေယျာသီရိနယ်မြေ ရဲစခန်းနယ်ထိန်းတာဝန်ခံ ဒုရဲအုပ်ထွန်းထွန်းဦးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ခိုးယူတိမ်းရှောင်သွားခဲ့သော ဟသ်ာတမြို့နယ်နေ နှင်းဝေဦး(ခ) ဝေဝေ(၁၉နှစ်)အား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နဝဒေးပတ်လမ်းရှိ ကောင်းမြတ်တည်းခိုခန်းတွင် ၂၄ နာရီအတွင်းဖော်ထုတ်ဖမ်းဆီးပြီး ဖမ်းဆီးခံရသူ၏ အစစ်ခံချက်အရ ခိုးယူသွားခဲ့သောပစ္စည်းများအားလုံးကို ပြန်လည်သိမ်းဆည်းခဲ့သည်။ အမှုကို ဇေယျာသီရိနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ကျော်သန်း(မော်လမြိုင်)

မြိတ်မြို့၌ အဆောက်အအုံများဆောက်လုပ်ရာတွင် သစ်သားအစား သံဖရိန်များအစားထိုးဆောက်လုပ်

မြိတ် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လူနေတိုက်တာအဆောက်အအုံများ ဆောက်လုပ်ရာ၌ သစ်သားအစား သံဖရိန်များဖြင့် အစားထိုး ဆောက်လုပ်လာသည်ကို တွေ့ရသည်။ အဆိုပါ သံဖရိန်များအသုံးပြုဆောက်လုပ်သူများပြောလာရခြင်းမှာ သစ်သားထက် ၂၀ ရာခိုင်နှုန်း ဈေးသက်သာခြင်း၊ ငွေကြေးကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့်ဖြစ်ပြီး သစ်သားဖြင့် ဆောက်လုပ်မည်ဆိုပါက အဆောက်အအုံများ ဆောက်လုပ်ရာတွင် တစ်လကြာမြင့်လျှင်သံဖရိန်များဖြင့် ဆောက်လုပ်ပါက ရက် ၂၀ သာကြာမြင့်မည်ဖြစ်၍လက်သမား၊ အလုပ်သမားခဈေးနှုန်းနှင့် အချိန်ကုန်သက်သာစေကြောင်းသိရသည်။ အာရ်စီပုံစံအုတ်များငုံ၍ ဆောက်လုပ်ခြင်းတို့ကြောင့် သံဖရိန်များဖြင့် အဆောက်အအုံများ ဆောက်လုပ်လာကြခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

မြန်မာနိုင်ငံတွင် သံဖရိန်အဖြစ်တိုက်တာအဆောက်အအုံဆောက်လုပ်ရာတွင် နည်းပညာအားနည်းနေသေးသည့်အတွက် အထပ်သုံးထပ်ထက်ပို၍ ဆောက်လုပ်နိုင်ခြင်း မရှိသေးကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

မိုးဟိန်း(မြိတ်)

ချိန်ဒါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

ပြည်တွင်းသတင်း

ကျောက်မျက်ရတနာဈေးကွက်ဖွံ့ဖြိုးရေးနှင့် ပို့ကုန်မြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တို့သည် ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာဈေးကွက်ဖြစ်ပေါ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ပို့ကုန် မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် မူဝါဒချမှတ်ရေး၊ ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည့် နည်းလမ်းများ၊ ပြည်တွင်း၌ တန်ဖိုးမြှင့်ကျောက်မျက်ရတနာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ကုန်သွယ်မှုအတွက် သင်တန်းများဖွင့်လှစ်ရေး၊ နိုင်ငံတကာတွင် ဖွံ့ဖြိုးပြီး ဈေးကွက်နှင့်လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်လေ့လာပြီး မိမိနိုင်ငံတွင် ဆောင်ရွက်နိုင်မည့် အစီအစဉ်ချမှတ်ရေးဆွဲရေး၊ ကျောက်မျက်အခြေပြု တန်ဖိုးမြှင့်ပို့ကုန်များ ထွန်းကားမှုအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များပါဝင်သော လုပ်ငန်းကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၁ ရက်တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ တာမွေ၊သဃ်န်းကျွန်း၊ ရန်ကင်း၊ ဒဂုံ(အရှေ့)၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ ကမာရွတ်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ သုံးခွ၊ သန်လျင်၊ ခရမ်း၊ လှည်းကူး၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ဇန်နဝါရီ ၁၂ ရက်တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ (တောင်)၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(အရှေ့)၊ ဗဟန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ သုံးခွ၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ ဖောင်ကြီး၊ ဒါးပိန်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၄။ ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၅၅၀၀-၆၁၆၉၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၄၇၀၀-၆၁၆၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၇၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃-၃၀.၆	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၀-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၃၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၇၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၅၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၂၅-၉၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀-၁၀၇၅
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်ပို့ချ

ချောင်းဦး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းသင်တန်းကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းကအမှာစကားပြောကြားပြီး မုံရွာမြို့အထက်တန်းရက်ကန်းကျောင်း၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်ကြည်က သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်ပို့ချရခြင်းအကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြ ဒေါ်လှလှခက်က သစ်သီးဖျော် ရည်နှင့်သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသည်။ **(ယာပုံ) သင်ကြားပို့ချ**

အဆိုပါသင်တန်းသို့ ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသင်းနှင့်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခင်မွန်စံပြကျေးရွာမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၀ တက်ရောက်ကြပြီး အခမဲ့သင်ကြားပို့ချပေးမှာ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တို့တစ်တွေရဲ့ ဗုဒ္ဓဂယာအုပ်စုထဲမှာ ဂုဏ်ပြုထိုက်သူတစ်ဦးဖြစ်လာတဲ့ **စတယ်လာ(ခ)မဖြူဖြူစိမ်း(Spike)** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် **“သုခမ္မသီဂီဘွဲ့”** တံဆိပ်တော်ချီးမြှင့်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာလုပ်ငန်းများကို စိတ်ရှိတိုင်း ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

Dr.မောင်ဦးနီ၊ ကြူ၊ မာ၊ ကျော့၊ ခိုင်၊ လတ်၊ နု၊ နန်း၊ ဘုတ်၊ မြင့်၊ ဝေ၊ ယု

အထူးဝမ်းမြောက်ခြင်း

နှစ်ဖက်သော ဘိုး၊ ဘွားများအတွက် ကိုအောင်ပြည့်စုံ-မမျိုးရတနာထိုက်မှ သမီးဦးရတနာလေးကို ၆-၁-၂၀၁၄ ရက်တွင် ဖွားမြင်သန့်စင်ခြင်းအတွက် အထူးဝမ်းမြောက်မိပါသည်။ အမျိုးဘာသာ၊ သာသနာကို ချီးမြှောက်ထောက်ပံ့နိုင်သော ပညာရှိ၊ အရိယာသူတော်ကောင်းတစ်ဦးဖြစ်လာပါစေသတည်း။

Dr.မောင်ဦးနီ၊ မာ၊ ကျော့၊ ခိုင်၊ လတ်၊ နု၊ ဘုတ်၊ နန်း၊ မြင့်၊ ဝေ၊ SPIKE၊ ယု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြင်းခြံခရိုင်ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးမြင့်သိန်းတို့နှင့်အတူ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ တံတားဦး-မြို့သာ-မြင်းခြံလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြင်းခြံမြို့ (မဏိကဠနာ) မြို့တော်ခန်းမ၌ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး၍ ပြည်သူများ၏ လိုအပ်ချက်များအတွက် ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနလေးခုဖြင့် ဖွဲ့စည်းထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်းများနှင့် အိမ်ရာစီမံကိန်းနှင့် Town Plan လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အထက်မြန်မာပြည်ဝူရှူးအားကစားစင်တာဖွင့်ရန်စီစဉ်နေ

မန္တလေး ဇန်နဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)တို့ ပူးပေါင်း၍ မျိုးဆက်သစ်နိုင်ငံ့ဂုဏ်ရည်ထူးချွန်ဝူရှူးအားကစားသမားများ မွေးထုတ်နိုင်ရေးအတွက် အထက်မြန်မာပြည် ဝူရှူးလေ့ကျင့်ရေးစင်တာကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ ဗထူးအားကစားခန်းမတွင် ဖွင့်လှစ်နိုင်ရန် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ထားပြီးဖြစ်ကြောင်း အဆိုပါ ဆပ်ကော်မတီအတွင်းရေးမှူးက ပြောကြားသည်။

အထက်မြန်မာပြည် ဝူရှူးလေ့ကျင့်ရေးစင်တာ အကောင်အထည်ဖော်ရေးအတွက် ဌာနသုံးခု ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်က ဆောင်ရွက်နေသည့် Camp လိုမျိုး ဖွင့်လှစ်ရမှာဖြစ်ပြီး Camp မှာ လူဦးရေ ၅၀ ရှိလျှင် ဖွင့်လို့ရပါကြောင်း၊ လက်ရှိ မန္တလေး ဗထူးအားကစားခန်းမတွင် ဝူရှူးအားကစားသမားဦးရေ ၇၀ မှ ၁၀၀ အတွင်း နေ့စဉ်လေ့ကျင့်လျက်ရှိပြီး အဆိုပါ ဝူရှူးအားကစားလေ့ကျင့်ရေးစင်တာမှာ ကစားသမားတွေကို နေထိုင်ရေး အဆင်ပြေအောင် စီစဉ်ထားပြီး ကျောင်းပညာသင်ကြားနိုင်ရေးကိုပါ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကလေးတွေ ကျောင်းပညာဆက်လက်သင်ယူနိုင်ဖို့အတွက် ဝူရှူးလေ့ကျင့်ရေးစင်တာကို မန္တလေး ဗထူးအားကစားခန်းမမှာဖွင့်လှစ်မှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီကို ၁၉၉၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တာ၊ နှစ်ပေါင်း ၂၀ အတွင်း နိုင်ငံ့လက်ရွေးစင် ထူးချွန်ဝူရှူးအားကစားသမား ၄၀ ကို ရွေးထုတ်ပေးခဲ့ပြီး အရှေ့တောင်အာရှမှ ကမ္ဘာ့အဆင့်အထိ ဆုတံဆိပ်တွေ ရရှိခဲ့ကြောင်း၊ ပြီးခဲ့တဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်မှာ ယခု မန္တလေးမြို့ တိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီက နိုင်ငံကိုယ်စားပြု အားကစားသမား ရှစ်ဦး ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ခြောက်ဦး ဆုရရှိခဲ့ရာ ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုရရှိခဲ့ကြောင်း၊ မန္တလေးမြို့မှာ အထက်မြန်မာပြည်ဝူရှူးလေ့ကျင့်ရေးစင်တာ ဖွင့်ပြီးရင်တော့ ယခုထက်ပိုပြီး ထူးချွန်တဲ့ကစားသမားတွေ အောင်မြင်စွာ မွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း၊ ယခုလာမည့် မတ်လ ၁ ရက်နေ့မှာ နွေရာသီဝူရှူးသင်တန်း ဖွင့်လှစ်ပြီး နံနက်ပိုင်းတစ်ကြိမ် ညနေပိုင်း တစ်ကြိမ် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အဲဒီနွေရာသီသင်တန်းကနေ ထူးချွန်ဝူရှူးအားကစားသမားတွေကို တစ်နှစ်ပတ်လုံးလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းကို ဝူရှူးအားကစားနည်းပြ အတွင်းရေးမှူး ဦးကျော်အေးက ပြောပြသည်။ မန္တလေးမှာ လက်တွေ့အမှန်တကယ် အောင်မြင်အောင် စွမ်းစွမ်းတမံလေ့ကျင့်ပေးနေကြောင်းကို သင်တန်းတက်ရောက်သူများ၏ မိဘများထံမှလည်း သိရသည်။ **(ဝ၄ဝ)**

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (မန္တလေးတိုင်းဒေသကြီး) လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်နံနက် ၁၀ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းနှင့် ခရိုင်၊ မြို့နယ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများ၊ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းမန်နေဂျာများ၊ ရေအားလျှပ်စစ်စက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများ၊ အရာထမ်း၊ အမှုထမ်း ၅၀၀ ကျော် တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ဒုတိယဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းပြောကြားသည်။ ယင်းနောက် Loss Reduction Tragram သင်တန်း အတွေ့အကြုံများကို အင်ဂျင်နီယာမှူးကြီး ဦးစိန်ဝင်းမြင့်ကလည်းကောင်း၊ ဘဏ္ဍာရေးသင်တန်းသား အတွေ့အကြုံများကို လက်ထောက်ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဒေါ်စိုးစိုးနွယ်ကလည်းကောင်း၊ Pilot Project လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ပြင်ဦးလွင်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများကလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်ဓာတ်အားပျောက်ဆုံးလျော့နည်းမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ကြရန် ပြည်သူများကို ပြည်သူ့ဝန်ထမ်းများပီပီ ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံရေးနှင့် ပေးအပ်ထားသော တာဝန်များကို သစ္စာရှိရှိထမ်းဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းကြိုဆိုခြင်း

- ဆောက်လုပ်ရေးဝန်ကြီးဌာန၏ကြပ်မတ်ကွပ်ကဲမှုဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ (၁၁) ရက်နေ့၌ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် ကိုအောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။
- မြန်မာပြည်သူပြည်သားတို့အား နေထိုင်စရာ အိမ်ရာများ အဆင့်အတန်း မြင့်မားလာစေရန် အထောက်အကူ ပေးနိုင်မည့် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် ၏ရည်ရွယ်ချက်များအတွက် လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာပြည်တွင်းလိဂ်ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၁			**ဇန်နဝါရီ ၁၁**
ဟားလ်စီးတီး	-	ချယ်လ်ဆီး	ည ၇း၁၅
ကာဒစ်ဖ်	-	ဝက်စ်ဟမ်း	ည ၉း၃၀
အဲဗာတန်	-	နော့ဝှစ်ချ်	ည ၉း၃၀
ဖူလ်ဟမ်	-	ဆန်းဒါးလန်း	ည ၉း၃၀
ဆောက်သမ်တန်	-	ဝက်စ်ဘရွန်း	ည ၉း၃၀
စပါး	-	ပဲလေ့စ်	ည ၉း၃၀
မန်ယူ	-	ဆွမ်ဆီး	ည ၁၂း၀၀
အီတလီစီးရီးအေ ပွဲစဉ်-၁၉			**ဇန်နဝါရီ ၁၁/၁၂**
လီဗော်နို	-	ပါးမား	ည ၁၁း၃၀
ဘိုလော့ဂ်နာ	-	လာဇီယို	နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၁၉			**ဇန်နဝါရီ ၁၁/၁၂**
ဘီလ်ဘာအို	-	အယ်လ်မာရီးယား	ည ၉း၃၀
ဆယ်လ်တာဗီဂို	-	ဗလင်စီယာ	ည ၁၁း၃၀
အက်သလက်တီကို	-	ဘာစီလိုနာ	နံနက် ၁း၃၀
အယ်လ်ချီ	-	ဆီဗီလာ	နံနက် ၃း၃၀
ပြင်သစ်လီဂူး ပွဲစဉ်-၂၀			**ဇန်နဝါရီ ၁၁/၁၂**
အဂျာစီယို	-	ပီအက်စ်ဂျီ	ည ၁၀း၃၀
ဘော်ဒိုး	-	တူးလော့စ်	နံနက် ၁း၃၀
ဂူအင်ဂမ့်	-	စိန့်အက်တီယန်	နံနက် ၁း၃၀
လိုင်ယွန်	-	ဆိုးချော့စ်	နံနက် ၁း၃၀
ရန်းနက်စ်	-	နိုက်စ်	နံနက် ၁း၃၀
ဗလင်စီနက်စ်	-	ဘတ်စ်တီယာ	နံနက် ၁း၃၀
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၂၅			**ဇန်နဝါရီ ၁၁**
ရှက်ဖီးဝမ်းနက်စ်ဒေး	-	လိဒ်	ည ၆း၄၅
ဝီဂန်	-	ဘုန်းမောက်	ည ၉း၃၀
ဘရိုက်တန်	-	ဘာမင်ဂမ်	ည ၉း၃၀
ဘလက်ပူးလ်	-	မစ်ဒယ်ဘရော့	ည ၉း၃၀
ဟက်ဒါဖီးလ်	-	မီဝေါလ်	ည ၉း၃၀
ဘလက်ဘန်း	-	ဒွန်ကတ်စတာ	ည ၉း၃၀

အာဖရိက အကောင်းဆုံးဘောလုံးသမားဆု မန်စီးတီးမှ ယာယာတိုရေးဆွတ်ခူး

မန်စီးတီးနှင့်အိုင်ဗရီကို့စ် ကွင်းလယ်ကစားသမား ယာယာတိုရေးသည် အာဖရိက ဘောလုံးအဖွဲ့ချုပ်၏ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားခဲ့သည်။ ယာယာတိုရေးသည် အဆိုပါဆုကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဒီဇင်ဘာလက ဘီဘီစီ၏ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ဂါလာတာစာရေးတိုက်စစ်မှူး ဒရော့ဘာ၊ နိုင်ဂျီးရီးယားနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျွန်မီခေးလ်အိုဘီတို့ကို ကျော်ဖြတ်ကာ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အသက် ၃၀ရှိ ယာယာတိုရေးသည် အဆိုပါ အာဖရိကအကောင်းဆုံး ဘောလုံးသမားဆုကို အဘေးဒီပီလီနှင့် အီတိုးတို့ကဲ့သို့ သုံးဆုမြောက် ဆွတ်ခူးနိုင်ခဲ့သည်။

- -

ဝက်စ်ဘရွန်းနည်းပြသစ်ခန့်ပြီ

ဝက်စ်ဘရွန်းအသင်းက ရီးရဲဘက်တစ်နည်းပြဟောင်း ပီပီမဲလ်အား ၁၈လ စာချုပ်ဖြင့် နည်းပြသစ်အဖြစ် ခန့်အပ်လိုက်သည်။

ဝက်စ်ဘရွန်းက ဒီဇင်ဘာ ၁၄ ရက်တွင် စတိဗ်ကလပ်အား ရာထူးမှဖြုတ်ခဲ့ပြီးနောက် နည်းပြသစ်ရှာနေခဲ့သည်။ အသက် ၅၀ရှိ စပိန်သား မဲလ်သည် ဒီဇင်ဘာလကတည်းက ဝက်စ်ဘရွန်းနှင့်ဆွေးနွေးခဲ့သည်။ ယခုအခါ ဝက်စ်ဘရွန်းနှင့်အတူ စတင်အလုပ်လုပ်နေပြီဖြစ်သည်။ မဲလ်အား ရီးရဲဘက်တစ်က သုံးနှစ်ကြာတာဝန်ထမ်းပြီးနောက် ဒီဇင်ဘာလက အလုပ်ဖြုတ်ခဲ့သည်။ ၎င်းသည် ဇန်နဝါရီ ၂၀ ရက်တွင် အဲဗာတန်နှင့်ပွဲမှစပြီး ကိုင်တွယ်မည်ဟု ဆိုသည်။

- -

မန်ယူနည်းပြဒေးဗစ်မိုယက်စ် တစ်လတာအကောင်းဆုံးဆုရနိုင်

မန်ယူနည်းပြ ဒေးဗစ်မိုယက်စ်သည် ဒီဇင်ဘာလအတွက် ပရီမီယာလိဂ် အကောင်းဆုံးနည်းပြဆု အမည်စာရင်းတင်သွင်းခံရသူများတွင် ပါဝင်သည်။ မန်ယူတို့ပြီးခဲ့သည့် ပြိုင်ပွဲသုံးပွဲစလုံး ရှုံးနိမ့်ခဲ့သော်လည်း ဒီဇင်ဘာလအတွင်း လေးပွဲနိုင်ခဲ့သည်။ ဒီဇင်ဘာလအတွင်း လေးပွဲနိုင် တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးခဲ့သည်။ မန်စီးတီးနည်းပြ ပယ်ရီဂရင်းနီက ရှုံးပွဲမရှိသဖြင့် အကောင်းဆုံးနည်းပြဆုအတွက် စာရင်းသွင်းခံရသည်။ မော်ရင်ဟိုနှင့်အဲဗာတန်နည်းပြ မာတီနက်ဇ်တို့လည်း အကောင်းဆုံးနည်းပြဆုအတွက် လျာထားခြင်းခံရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ချန်ပီယံရှစ်ပွဲစဉ်(၂၅)မှာ ခက်ခဲမယ့်အသင်းကြီးများ

မိုးမြင့်လင်းလက်

ချန်ပီယံရှစ်ပွဲစဉ် (၂၅)ကို ဇန်နဝါရီ ၁၁ ရက် ညမှာ ဆက်လက်ကစားမှာဖြစ်ပြီး အသင်းကြီးတွေပွဲကျပ်နဲ့ကြုံတွေ့နေရလို့ ပွဲစဉ်-၂၅ ချန်ပီယံရှစ်ဟာ ပရိသတ်တွေအကြိုက် ကြည့်ကောင်းမယ့်ပွဲစဉ်တွေဖြစ်ပါတယ်။

ဘရိုက်တန်နှင့် ဘာမင်ဂမ်

ဘရိုက်တန်ဟာ တန်းစီဇယား(၇) မှာရှိနေပြီး (၆) နေရာ အစ်ဆွစ်နှင့် အမှတ်တူ၍ ဂိုးကွာခြားချက်ကြောင့် အောက်ဆင်းနေရသည့် ဘာမင်ဂမ်မှာ ဇယား (၁၇) တွင် ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ လေးပွဲနိုင်ပြီး တစ်ပွဲ သရေကျထားပါတယ်။ ဘရိုက်တန်အိမ်ကွင်း နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံးထားပါတယ်။ ဒီပွဲဟာ ခြေရည်တူနှစ်သင်းကစားမှာဖြစ်ပြီး အနိုင်ရဖို့ခက်ခဲပေမယ့် ဘရိုက်တန်ဟာ အိမ်ကွင်းမှာ အမှတ်ပြည့်ယူနိုင်မယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်လို့ရပြီး ဇယား (၆) မှ အစ်ဆွစ်ဟာ ကျူပီအာနဲ့ ကစားရမှာဖြစ်ပြီး ပွဲကျပ်ဖြစ်နေပါတယ်။ အိမ်ရှင် ဘရိုက်တန်တို့ အနည်းဆုံး တစ်မှတ်တော့ ယူနိုင်မှာပါ။

ယိုဗေးလ်တောင်းနှင့် ဘန်လေ

တန်းစီဇယား ၂၃ နေရာရောက်နေတဲ့ ယိုဗေးလ်တောင်းတို့ အိမ်ကွင်းမှာကစားရပေမယ့် ဒီပွဲမှာရလဒ်ကောင်းဖို့ခက်ခဲနေဦးမှာဖြစ်ပါတယ်။ တိုက်စစ်ရောခံစစ်ပါ ယိုယွင်းနေတဲ့ ယိုဗေးလ်တောင်းတို့ဘန်လေရဲ့ အရှိန်အဟုန်ပြင်းပြင်း ထိုးဖောက်တိုက်စစ်ဆင်မှုကို ပျာယာခပ်အောင် ဟန့်တားထိန်းချုပ်ရပါဦးမယ်။ ဒီပွဲမှာ ဘန်လေရဲ့ တောင့်တင်းတဲ့ခံစစ်နဲ့ ထက်မြက်တဲ့ တိုက်စစ်မှူးတွေကြောင့် အောင်ပွဲဆိုတာ ဘန်လေတို့ လက်ထဲမှာရှိပါတယ်။

အစ်ဆွစ်နှင့် ကျူပီအာ

လာမယ့်ဘောလုံးရာသီမှာ တန်းပြန်တက်ရေး ကြိုးစားနေတဲ့ကျူပီအာတို့ ခံစစ်အားကိုးနဲ့ အိမ်ရှင်အစ်ဆွစ်ကို အနိုင်ယူဖို့ အားထုတ်ပါလိမ့်မယ်။ ကျူပီအာတို့က ဒီနှစ်ချန်ပီယံရှစ်မှာ အကောင်းဆုံး ခံစစ်ပိုင်ရှင်ဖြစ်နေပေမယ့် တိုက်စစ်မှူးတွေကတော့ ဂိုးသွင်းစွမ်းရည်ကျဆင်းနေဆဲပါပဲ။

အစ်ဆွစ်တို့က ပြီးခဲ့တဲ့ချာလ်တန်နဲ့ပွဲမှာ သရေပွဲဖြစ်ထားတာမို့ ဒီပွဲမှာ ရလဒ်ကောင်းရဖို့ ခက်ခဲမှာ ဖြစ်ပါတယ်။

ဘော်လ်တန်နှင့် နော့တင်ဟမ်

ခြေစွမ်းပုံမှန် မရနိုင်သေးတဲ့ ဘော်လ်တန်တို့ဟာ နော့တင်ဟမ်ကို အိမ်ကွင်းမှာ လက်ခံကစားရပေမယ့် ခြေကုန်လက်ပန်းကျရမယ့် အနေအထားရှိပါတယ်။ တိုက်စစ်ရောခံစစ်ပိုင်းပါ ဆိုးရွားနေတာမို့ နော့တင်ဟမ်ကိုခြေရည်တူကစားနိုင်ဖို့ သိပ်မလွယ်ပါဘူး။ နော့တင်ဟမ်အတွက် ဒီပွဲကို အလေးထားကစားရင် အနိုင်ရလဒ်ကို ပရိသတ်တွေအတွက် ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါတယ်။

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ယမန်နေ့မှအဆက်

၂။ လှိုင်ကော်မြို့နယ် အောင်ပန်း-လှိုင်ကော်ရထားသည် ဖယ်ခုံမြို့သို့ ဝင်/ထွက် ဖြတ်သန်းသည့်အချိန်သည် အချိန်မတော်ဖြစ်နေသည့်အတွက် ခရီးသွားပြည်သူများ အဆင်မပြေဖြစ်ခြင်း၊ ဘူတာကို အမှီပြု၍ စားစရာများရောင်းသည့် ဝန်ထမ်းမိသားစုများ အဆင်မပြေခြင်းများ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ရထားအချိန်မှန်ရေး၊ နေ့အချိန်တွင် ဖယ်ခုံမြို့သို့ရောက်ရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပျဉ်းမနား-နေပြည်တော်-ပင်လောင်း-လွိုင်ကော်လမ်းပိုင်းသည် အမှတ်(၁၄၇/၁၄၈)အစုန်/အဆန် ရထားများ ပြေးဆွဲလျက်ရှိရာ(၁၄၇)အဆန်ရထားသည် ဖယ်ခုံဘူတာသို့ ၁၈း၁၆ နာရီ ရောက်၍ (၁၄၈)အစုန်ရထားသည် ဖယ်ခုံသို့ ၇း၄၃ နာရီတွင် ရောက်ရှိသဖြင့် အချိန်မှန်ဝင်ရောက်လျှင် အချိန်ကောင်းဖြစ်ပါသည်။ သို့သော် ရထားလမ်းပိုင်း ကြံ့ခိုင်မှုအခြေအနေအရနှင့် ရထားလမ်းချော်မှုများကြောင့် ရထားများ အချိန်မှန်ကန်မှုမရှိသဖြင့် အချိန်မှန်မရောက်သည်ဟု သုံးသပ်ပါသည်။ အောင်ပန်း-လွိုင်ကော်ရထားလမ်းကို ရွှေညောင်ရှိ ကွန်ကရစ်ဇလီဖားစက်ရုံမှ ထွက်ရှိသော ဇလီဖားများဖြင့် သုံးနှစ်စီမံကိန်းချမှတ်ပြီး ပြုပြင်နေပြီဖြစ်သဖြင့် မကြာသော ကာလတွင် ရထားအချိန်မှန်လာပါမည်။ ရထားပြေးဆွဲသည့်အချိန် ပြင်ဆင်ရန်အတွက် (Suvery) ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ နမ့်စန်မြို့နယ်တွင် အိမ်ခြေ ၁၃၀၄၉၊ အိမ်ထောင်စု ၁၃၅၉၆၊ လူဦးရေ ၆၅၃၂၀ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၁၀၈၀ ဦးရှိပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်း GSM အလုံး ၃၀၀ သာရရှိသေးသဖြင့် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ထပ်မံခွင့်ပြုချထားပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ နမ့်စန်မြို့တွင် မူလရှိသည့် လိုင်းကို နည်းပညာအဆင့်မြှင့်တင်မှုဖြင့် လိုင်းအင်အား တိုးမြှင့်လျက် ဖုန်းကတ်များအား ရောင်းချပေးလျက်ရှိသည်။ နောင်တွင် တယ်လီဖုန်းအော်ပရေတာလေးခုမှ ယှဉ်ပြိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း ယခုဘဏ္ဍာရေးနှစ်တွင် မိုဘိုင်းဖုန်းလိုင်း လေးသန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့တွင် လိုင်းငါးသန်းစီ တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ အင်းတောင်ဘက်ခြမ်း တယ်လီဖုန်းဆက်သွယ်ရရှိနိုင်ရန် မော်ဘီကျေးရွာ (တုံဟုံးတံတားအနီး) ဆက်သွယ်ရေးတာဝါတိုင်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ ညောင်ရွှေမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် GSM ဆက်သွယ်ရေးစခန်းများ တိုးချဲ့တပ်ဆင်နိုင်ရန် စီမံကိန်းရေးဆွဲတင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ရှာင်မြို့နယ်တွင် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် GSM တာဝါတိုင်တစ်ခုသာ တည်ရှိပြီး ရှာင်မြို့နှင့်အလှမ်းဝေးကွာသော ကျေးရွာများနှင့် ဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် မြင်းကျဒိုးကျေးရွာ၊ ကျောက်မြောင်းကျေးရွာ၊ မြို့ကြီးကျေးရွာတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြိုင်ကျေးရွာတွင် တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ မိုးနဲမြို့နယ်အတွင်း လက်ရှိအသုံးပြုနေသော CDMA စနစ်မှာ IP Star လိုင်းဖြင့် ချိတ်ဆက်အသုံးပြုနေရသဖြင့် ဆက်သွယ်မှုခက်ခဲခြင်း၊ လိုင်းကြည်လင်ပြတ်သားမှုမရှိခြင်းတို့ဖြင့် ကြုံတွေ့နေရသဖြင့် ဆက်သွယ်မှု လွယ်ကူကြည်လင်ပြတ်သားစွာ ဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ CDMA-450 ကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မှုလွယ်ကူစေရန် E1 လိုင်း ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၅။ ညောင်ရွှေမြို့ပေါ်ရှိ နောက်ထပ် GSM တိုးချဲ့တပ်ဆင်ပေးနိုင်ပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ညောင်ရွှေမြို့နယ်အတွင်း GSM စခန်းသုံးခုနှင့် MEC စခန်း နှစ်ခုတပ်ဆင်ထားရှိပြီး လက်ရှိ GSM သုံးစွဲမှုအရေအတွက်မှာ GSM-၁၁၀၀၆၊ CDMA-၁၀၁၂၇လုံး တပ်ဆင်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ ဖယ်ခုံမြို့နယ်တွင် အိမ်ထောင်စု ၁၆၂၅၈၊ လူဦးရေ ၈၆၀၀၀ ကျော်ရှိပြီး ယနေ့အထိ မိုဘိုင်းဖုန်းအလုံး ၂၇၀၀ အသုံးပြုလျက်ရှိပြီး မြို့နယ်တွင်ရှိသော ဒေသခံပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းသုံးစွဲလိုသူ များပြားလျက်ရှိပြီး တန်ဖိုးနည်းဖုန်းများ ထပ်မံတိုးချဲ့ချထားပေးရန် ဖြစ်ပါသည်။ မိုဘိုင်းဖုန်းများအသုံးပြုမှုသည် အခြားမြို့နယ်များနှင့် နှိုင်းယှဉ်လျှင် နည်းပါးရခြင်းမှာ ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ရန် လိုအပ်ကြောင်းသိရှိသဖြင့် ဖယ်ခုံမြို့နယ် ပြည်သူများမှ မိုဘိုင်းဖုန်းဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ ဖယ်ခုံမြို့နယ်အတွင်း လက်ငင်းနှင့် အရစ်ကျစနစ်ဖြင့် GSM မိုဘိုင်းဖုန်း ၂၇၃၂ လုံး တပ်ဆင်ပေးထားပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်း ၄၀၀ တပ်ဆင်ပေးထားပြီးဖြစ်ပါသည်။ ဖယ်ခုံ GSM စခန်းတွင် လိုင်းအင်အား ၄၂၀၀ ထိ တိုးချဲ့ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ လှိုင်လင်မြို့ လှိုင်လင်-ပန်ကေတု-သီပေါလမ်း မိုင်တိုင် (၁/၀) မှ (၃/၀)အထိ ၂ မိုင်အား မူလကတ္တရာလမ်း ၁၂ ပေအကျယ်မှ ကတ္တရာလမ်း ၁၈ ပေအကျယ်ဖြစ်အောင် လမ်းတိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် လှိုင်လင်မြို့အထွက်ရှိ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် ဆောက်လုပ်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် အဆိုပါ မိုင် (၁/၀ မှ ၃/၀)အထိ နှစ်မိုင်အား ၁၈ ပေ အကျယ် တိုးချဲ့ရန်နှင့် မြို့အထွက် သစ်သားတံတားအမှတ် (၈/၁)အား ကွန်ကရစ်တံတားတည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်၍ ရရှိရန်ပုံငွေပေါ်မူတည်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၂။ လှိုင်လင်-ပန်ကေတု-သီပေါလမ်းပိုင်းတွင် ပင်လုံမြို့ မိုင်တိုင် (၈/၀)မှ လဲချားမြို့နယ် နယ်စပ်မိုင်တိုင်(၂၀/၀) အတွင်း ကတ္တရာလမ်း မျက်နှာပြင်ကြမ်းတမ်း၍ ချိုင့်ခွက်များသောအပိုင်းများအား ကတ္တရာလမ်း မျက်နှာပြင်ချောမွေ့အောင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အဆိုပါလမ်း၏ မိုင် (၇/၀-၁၆/၇) ထိ (၉/၇) မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းရန် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် လျာထားတင်ပြထားပြီးဖြစ်၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၃။ လှိုင်လင်-ပန်ကေတု-သီပေါလမ်း(တုံလောနှင့် ရှမ်းမြောက်နယ်စပ်ကြား)ကို သွားလာရလွယ်ကူပြီး လမ်းချောအောင် ပဏာမ ပြုပြင်ပေးပြီး နောက်နှစ်တွင် ဆက်လက်၍ ကတ္တရာထပ်ပိုးလွှာခင်းပြီး လမ်းအဆင့်မြှင့်တင်ပေးရန် ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် လွိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်ရှိ အဆိုပါလမ်းအပိုင်း မိုင် (၉၆/၀-၁၀၂/၂)ထိ (၆/၂) မိုင်အား ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ လျာထားတင်ပြထားပါသည်။ မူလ ငွေလုံးငွေရင်း ရန်ပုံငွေတွင် မရရှိပါက ဖြည့်စွက်ငွေလုံးငွေရင်း ရန်ပုံငွေ လျာထားတင်ပြပြီး ရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၄။ တောင်ကြီးမြို့နယ် အာဆီယံလမ်းမကြီး(၂)သည် တောင်ကြီးမြို့သို့ဖြတ်၍ ဖော်လုပ်မည်ဟု သိရှိရသဖြင့် မြို့ရှောင်လမ်းဆောင်ရွက်ထားရှိမှုသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ အာဆီယံလမ်းမကြီး(၂)သည် ချင်းမိုင်-ကျိုင်းတုံ-တောင်ကြီးမြို့သို့ဖြတ်၍ ဖောက်လုပ်ထားသဖြင့် မြို့ရှောင်လမ်းကို လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ Survey တိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ တောင်ကြီးမြို့၏ တောင်ဘက်(၂)လမ်းနှင့် မြောက်ဘက်(၂)လမ်း စုစုပေါင်း (၄)လမ်း လမ်းအူကြောင်း ရှာဖွေထားပြီးဖြစ်သည်။ အဆိုပါ လမ်းအူကြောင်းများကို ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ ပင်းတယမြို့ ပင်းတယ-သဲကုန်း-ဘော်ဆုံ-ဘော်ဆိုင်း-ဟဲဟိုးလမ်း ၇မိုင် ၄ ဖာလုံ ကတ္တရာလမ်း ဆောင်ရွက်နေသည်ကို သိရှိရသည်။ အဆိုပါလမ်းတွင် ပင်းတယမြို့နယ်မှ ၆ မိုင်နီးပါး ပါဝင်သည်ကိုလည်းသိရှိရသည်။ လက်ရှိဆောင်ရွက်နေသည့်ကဏ္ဍသည် လေယာဉ်ကွင်းအထူး(၁)မှ ဆောင်ရွက်နေသဖြင့် လုပ်ငန်းပြီးစီးသွားပါက ရေရှည်ပြုပြင်ထိန်းသိမ်းရန်အတွက် မည်သည့်အဖွဲ့က ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းမေးမြန်းချက်နှင့် ပတ်သက်၍ ပင်းတယ-သဲကုန်းလမ်းအား လက်ရှိတွင် လေယာဉ်ကွင်း အထူးဖွဲ့ (၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းပြီးလျှင် တောင်ကြီးခရိုင်လက်အောက်ရှိ ပင်းတယမြို့နယ်မှ တာဝန်ယူထိန်းသိမ်းသွားမည်ဖြစ်သည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ

ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

ဖားကန့် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရာအိမ်မှူးရုံးတွင် ဇန်နဝါရီ ၃ ရက်က နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ဆေးတပ်ခွဲမှူး ဗိုလ်ကြီးရဲနောင် ဦးစီး၍ အရာရှိ နှစ်ဦး၊ စစ်သည်ရှစ်ဦးနှင့် ဆိပ်မူကျေးရွာအုပ်စုမှ ကျန်းမာရေးမှူး ဦးကျော်မြင့်ဦးစီး၍ အဖွဲ့ဝင်ခုနစ်ဦးတို့ဖြင့် ပူးပေါင်းပြီး စပေ့ါကျေးရွာရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအား သွားရောက်ကြည့်ရှုခဲ့ရာ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၂၀၁ ဦး တို့ကို ဆေးဝါးများကုသမှု ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စိုးနိုင်ဦး-ဖားကန့်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊တံတား၊အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်		အမှတ်(၄) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)
၁။ လမ်းခင်းကျောက်ရွယ်စုံ	-	၅၈၀ ဒသမ ၇၅ ကျင်း
၂။ သံချောင်းလုံး(ရွယ်စုံ)	-	၄ ဒသမ ၅၈၆၉ တန်
၃။ မျိုးခြားသစ်	-	၈ ဒသမ ၂၅၈၇ တန်
၄။ ဘိလပ်မြေ	-	၃၀ ဒသမ ၆ တန်
၅။ ရေသဲ	-	၂၅ ဒသမ ၅ ကျင်း
၆။ ရုံတိုင်	-	၆၀၅ တိုင်
၇။ ထင်း	-	၁၁၁ ဒသမ ၉၄ တန်
၈။ ဖြုန်းကျောက်	-	၄၅၆ ဒသမ ၅ ကျင်း
၉။ သစ်မာ	-	၃ ဒသမ ၆၅ တန်
၁၀။ သံကူကွန်ကရစ်မိုင်တိုင်	-	၁၆ တိုင်
၁၁။ လမ်းနယ်တိုင်	-	၂၂ တိုင်
၁၂။ ၂'Ø×၁'-၆" သံကူကွန်ကရစ်ရေပြွန်	-	၃၂ လုံး
၁၃။ ၄"Ø မျော	-	၁၀၂၂၁ ပေ
၁၄။ ကြွေပြား (၁'×၁')	-	၃၀၄၂ ချပ်

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါဖွင့်မည့်ရက် - ၂၄-၁-၂၀၁၄ ရက်
တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈
အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၄)၊ နဝမတန်း(ဂ)မှ မောင်ဟန်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၉/မခန(နိုင်)၁၆၉၄၀၆ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်ဦး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၂၃၀ ကေဗွီဓာတ်အားလိုင်းများ ကြိုးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ရန် (၁၀)တန်ကရိန်းသုံးစီးကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ငှားရမ်းလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

Cherry Queen Hotel
တောင်ကြီးမြို့
ဝန်ထမ်းအလိုရှိသည်

၁။ Food & Beverage Manager/Supervisor (Service & Production)
၂။ Accommodation Manager/Supervisor (Front Office & Housekeeping)
- ဘာသာရပ်အလိုက် ဟိုတယ်ဝန်ဆောင်မှု သင်တန်းဆင်းလက်မှတ်ရှိသူ။
- ဘာသာရပ်အလိုက် ဟိုတယ်လုပ်သက်အတွေ့အကြုံရှိသူ။
- အသက် ၂၅နှစ်မှ ၄၀ ရှိသူ။

၃။ Receptionist (Female) - Front Office
- ရုပ်ရည်အသင့်အတင့်ရှိသူ။
- ဟိုတယ်ဝန်ဆောင်မှု ညှိကြိုသင်တန်းဆင်းသူ။
- ဟိုတယ်လုပ်သက်အတွေ့အကြုံရှိသူ။
- အသက် ၂၀ မှ ၃၀ ရှိသူ။

ဆက်သွယ်ရန်- အမှတ်(၁၁၉)၊ မြင့်မိုရ်လမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၅၁၀၀၊ ၂၀၅၂၀၀
E-mail-cherryqueenhotel1@gmail.com

ဒေါ်ခင်လှဝေနှင့် အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၇) ပိုင်ရှင်များဖြစ်သူ ဦးမျိုးဝင်း ၆/မအရ(နိုင်)၀၅၅၇၉၉နှင့် ဒေါ်ခင်ခင်ကြူ ၆/မအရ(နိုင်)၀၅၅၈၀၀တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လှဝေ ၉/မနတ(နိုင်)၀၈၄၂၄၅ ဖုန်း-၀၉-၄၇၁၃၄၅၇၈၊ Scotland ဝေဝေ နိုင်ငံခြားအိတ်မျိုးစုံလက်လီ/လက်ကားဖြန့်ဖြူးရောင်းဝယ်ရေး၊ အမှတ်(၂၈)၊ ဈေးချိုပလာဇာ၊ မြေညီထပ်၊ စက်လှေကားတောင်ဘက်၊ မန္တလေးမြို့၊ အခန်းအမှတ်(U-164,186) (၂၇×၂၈)လမ်းကြားနှင့် (၈၄×၈၅)လမ်းကြား၊ မန္တလေးမြို့ ဖုန်း-၀၉-၉၁၀၁၀၅၈၂ သိစေရန်။

မြိတ်မြို့ရှိ ကျွန်ုပ်၏ အထက်ပါမိတ်ဆွေတို့ပိုင် ဆိုင်ခန်းအမှတ်(၁)ကို ဒေါ်ခင်လှဝေက ၁-၁-၂၀၁၃ရက်မှ တစ်လလျှင် ၈၀၀၀၀ိ/နှုန်းဖြင့် ငှားရမ်းခဲ့ရာ ၂၀၁၃ခုနှစ် ဒီဇင်ဘာလအထိ အခန်းလခပေးဆောင်ခြင်းမရှိသလို ဆိုင်ခန်းအတွင်း ပစ္စည်းများကိုလည်း လာရောက်သိမ်းဆည်းခြင်းမရှိဘဲ ၎င်းကိုယ်တိုင်အား အကြောင်းကြားသော်လည်း ရှောင်တိမ်းနေကြောင်း သိရသည်။ သင့်အား ၎င်းဆိုင်ခန်းကို ၃၁-၁-၂၀၁၄ရက်နောက်ဆုံးထား၍ အငှားရပ်ဆိုင်းမည်ဖြစ်သောကြောင့် သင့်ပစ္စည်းများသိမ်းယူပြီး ဆိုင်လခ (၁)နှစ်စာ ၉၆၀၀၀၀ိ/-ကို ပေးချေရန် တာဝန်ရှိပါကြောင်း ကြေညာအပ်ပါသည်။ ဆိုင်ခန်းကိုလည်း ၁-၂-၂၀၁၄ရက်တွင် တစ်ပါးသူအား အငှားချသွားမည်ဖြစ်၍ သင့်ပစ္စည်းများကို တာဝန်မယူပါ။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်အောင် LL.B (Advocate) Poet-Nayi (Myeik)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၁၂/၉၈)
ဖုန်း-၀၉-၈၇၇၀၂၇၉၊ ၀၉-၄၂၂၂၂၆၃၅၃

11-1 (15).pmd 1 1/11/2014, 11:28 AM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဆပ်ကော်မတီများထံ ဆက်သွယ်ရမည့်လိပ်စာများ

အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါ်ဘောက်ဂျာ	ပြည်နယ်လူမှုရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၂၀	၀၇၄-၂၉၅၂၀	
၂။	ဒေါ်ကေဒွဲဘူ	ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၄၅၇	၀၇၄-၂၂၄၅၇	

တိုင်းရင်းသားရေးရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါ်ဘောက်ဂျာ	ပြည်နယ်လူမှုရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၂၀	၀၇၄-၂၉၅၂၀	
၂။	ဒေါ်ကေဒွဲဘူ	ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၄၅၇	၀၇၄-၂၂၄၅၇	

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါ်ဘောက်ဂျာ	ပြည်နယ်လူမှုရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၂၀	၀၇၄-၂၉၅၂၀	
၂။	ဦးအောင်ကျော်ဦး	ပြည်နယ်ရေကြောင်း ပို့ဆောင်ရေးဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၀၁၀၈	၀၇၄-၂၀၁၀၈	

အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါ်ဘောက်ဂျာ	ပြည်နယ်လူမှုရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၂၀	၀၇၄-၂၉၅၂၀	
၂။	ဒေါ်ခွမ်ဖန်	ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၇၇၃	၀၇၄-၂၂၇၇၃	

စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါက်တာ ခင်မောင်ထွန်း	ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၉	၀၇၄-၂၉၅၁၉	၀၉-၄၇၀၃၆၉၀၀
၂။	ဦးသန်းမြင့်	ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၃၃၃၉	၀၇၄-၂၂၄၄၀	၀၉-၄၇၀၂၄၉၆၄

အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါက်တာ ခင်မောင်ထွန်း	ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၉	၀၇၄-၂၉၅၁၉	၀၉-၄၇၀၃၆၉၀၀
၂။	ဦးသန်းမြင့်	ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၃၃၃၉	၀၇၄-၂၂၄၄၀	၀၉-၄၇၀၂၄၉၆၄

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါက်တာ ခင်မောင်ထွန်း	ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၉	၀၇၄-၂၉၅၁၉	၀၉-၄၇၀၃၆၉၀၀
၂။	ဦးခင်မောင်ဝင်း	ပြည်နယ်သမဝါယမ ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၅၄၈	၀၇၄-၂၂၃၇၁	၀၉-၄၃၀၇၈၅၂၅

အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါက်တာ ခင်မောင်ထွန်း	ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၉	၀၇၄-၂၉၅၁၉	၀၉-၄၇၀၃၆၉၀၀
၂။	ဦးခင်မောင်ဝင်း	ပြည်နယ်သမဝါယမ ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၅၄၈	၀၇၄-၂၂၃၇၁	၀၉-၄၃၀၇၈၅၂၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဦးဘီထောဇောင်း	ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၄	၀၇၄-၂၉၅၁၄	၀၉-၄၇၀၀၂၆၇၅
၂။	ဒေါက်တာစိုးငြိမ်း	ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန	အဖွဲ့ဝင်	၀၇၄-၂၂၄၁၈	၀၇၄-၂၂၄၁၈	၀၉-၄၃၀၂၂၄၈၇

ဥပဒေကြမ်းဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဒေါ်မေရီမီနန်	ပြည်နယ်ဥပဒေချုပ်ရုံး	ဥက္ကဋ္ဌ	၀၇၄-၂၉၅၄၀	၀၇၄-၂၉၅၄၀	
၂။	ဦးဂွမ်ဆိုင်လီ	ပြည်နယ်ဥပဒေရုံး	အတွင်းရေးမှူး	၀၇၄-၂၂၄၅၄	၀၇၄-၂၂၄၂၉	၀၉-၅၂၃၀၆၆၄

ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဗိုလ်မှူးကြီး သန်းအောင်	ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၂	၀၇၄-၂၉၅၁၂	၀၉-၆၄၁၂၁၁၁
၂။	ရဲမှူးကြီးစန်းယု	ရဲတပ်ဖွဲ့မှူးရုံး	အတွင်းရေးမှူး	၀၇၄-၂၂၃၆၃	၀၇၄-၂၉၅၀၃	၀၉-၄၄၂၀၇၅၀၈၀

နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဆပ်ကော်မတီ

စဉ်	အမည်	ဌာနအမည်	တာဝန်	ရုံးဖုန်း	Fax	လက်ကိုင်ဖုန်း
၁။	ဗိုလ်မှူးကြီး သန်းအောင်	ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန	ဥက္ကဋ္ဌ	၀၇၄-၂၉၅၁၂	၀၇၄-၂၉၅၁၂	၀၉-၆၄၁၂၁၁၁
၂။	ဦးခင်မောင်လှ	ပြည်နယ်အထူးစုံစမ်းရေး ဦးစီးဌာန	အတွင်းရေးမှူး	၀၇၄-၂၂၆၈၃	၀၇၄-၂၉၆၈၃	၀၉-၅၀၁၇၄၉၀

(ဆက်လက်ဖော်ပြမည်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
နှစ်ထပ်စာသင်ဆောင်သုံးဆောင်၏ အမိုးများပြင်ဆင်ခြင်းလုပ်ငန်းအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ရှိ အောက်ဖော်ပြပါ နှစ်ထပ်စာသင်ဆောင်သုံးဆောင်၏ အမိုးပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ (က) စာသင်ဆောင်အမှတ်(၁)၏ အမိုးပြင်ဆင်ခြင်း
(ခ) စာသင်ဆောင်အမှတ်(၂)၏ အမိုးပြင်ဆင်ခြင်း
(ဂ) စာသင်ဆောင်အမှတ်(၃)၏ အမိုးပြင်ဆင်ခြင်း
၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃-၂-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းနိုင်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၇၁-၂၃၆၂၈တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဖုန်း-၀၇၁-၂၃၆၂၈

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ်မှ သချ်ာအဓိကဖြင့် ဘွဲ့ယူမည့် မခင်စန်းမြင့် ၁၃/လရန(နိုင်) ၁၈၅၁၉၅၏ ဖခင်အမည်မှာ ဦးချိုတူးနှင့် ဦးကျော်သန်း ၁၃/လရန(နိုင်)၀၂၅၄၇၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှတင်၏သမီး လားရှိုးတက္ကသိုလ်မှ သတ္တဗေဒအဓိကဖြင့်ဘွဲ့ယူမည့် မလွေးပိုဟိန်း ၁၃/နခန(နိုင်)၀၇၂၁၄၅နှင့် မလွေးအေပိုဟိန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မလွေးပိုဟိန်း(ခ)မလွေးအေပိုဟိန်း

တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများမှ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်(၂၆)စီးအား သက်ဆိုင်ရာ မြို့နယ်တရားရုံးများသို့ သွားရောက်ကြည့်ရှုပြီး အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-
တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၁-၁-၂၀၁၄ရက်မှ ၃၀-၁-၂၀၁၄ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၁-၁-၂၀၁၄ရက် ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တင်ဒါစိစစ်ရေးကော်မတီ
၂။ မော်တော်ယာဉ်များကြည့်ရှုနိုင်သော တရားရုံးများမှာ မုံရွာ၊ အရာတော်၊ ရေဦး၊ ခင်ဦး၊ ကလေးဝ၊ ကသာ၊ ကျွန်းလှ၊ ကန့်ဘလူ၊ ဗန်းမောက်၊ ထီးချိုင့်တို့ဖြစ်ပြီး တင်ဒါတင်သွင်းနိုင်သည့် မော်တော်ယာဉ်အမျိုးအစားများမှာ ထော်လာဂျီ ငါးစီး၊ ခြောက်ဘီးကား လေးစီး၊ ဒိုင်နာ တစ်စီး၊ ဒေါင်းဖန်းတစ်စီး၊ Nissan (UD) နှစ်စီး၊ မြေကော်စက် နှစ်စီး၊ Mini Bus တစ်စီး၊ ကရိန်း တစ်စီး၊ ဘက်ဟိုးတစ်စီး၊ Corolla ven တစ်စီး၊ ဆလွန်း သုံးစီး၊ တုန်ဖုန်ထရပ် သုံးစီး၊ GMC ထရပ်တစ်စီးတို့ ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၃၁၀၊၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန
၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ရိက္ခာဆန်ဝယ်ယူရေး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/အလုပ်စခန်းများရှိ အကျဉ်းသား/သူ/လုပ်အားရှင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန် လိုအပ်သည့်ရိက္ခာ ဆန် ၂၇၆၄ အိတ်အား သုံးလတစ်ကြိမ် ငွေပေးချေစနစ်ဖြင့် ဝယ်ယူရန် ရှိပါသည်။
၂။ ရိက္ခာဆန်တင်သွင်းလိုသူ လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များအနေဖြင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာများကို ၁၅-၁-၂၀၁၄ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှစ၍ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၂၀၅၊ ၀၇၁-၂၃၂၀၆တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁-၂၀၁၄ ရက် (၀၉း၀၀)နာရီ
တင်ဒါပုံစံအရောင်းပိတ်ရက် - ၁၄-၁-၂၀၁၄ ရက် (၁၆း၃၀)နာရီ

ရိက္ခာဆန်ဝယ်ယူရေးတင်ဒါခေါ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေဇင်ဟိန်း ၇/ကတခ(နိုင်)၁၅၅၂၂၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၂၅၀၅၁၀၃၄၂

ပညာရေးစုံညီပွဲတော်ကျင်းပ

ကျိုက်ထိုမြို့

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ကျိုက်ထိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမဆောင် ရှေ့မြက်ခင်းပြင်၌ ဇန်နဝါရီ ၇ ရက် ညနေ ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးခင်မောင်ရီနှင့်ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးရွှေအောင်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်နှင့်ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့်ကျောင်းသားမိဘများ စုစုပေါင်း ၈၀၀ ဦးခန့် တက်ရောက်အားပေးခဲ့သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသားတေးသီချင်းကို သီဆိုဖျော်ဖြေ၍အခမ်းအနားကို ဖွင့်လှစ်ပေးကာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်က ပညာရေးစုံညီပွဲတော် ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးကာ လွတ်လပ်ရေးနေ့စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပြည်နယ်အဆင့်အားကစားပြိုင်ပွဲတို့၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူဆယ်

ရှမ်းပြည်နယ် မူဆယ်မြို့ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက်က အထက (၁)နှင့် အထက(၂)တို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်က အထက (၃)တွင်လည်းကောင်း ကျင်းပခဲ့ရာ ယခုနှစ်ဘက်စုံထူးချွန်ကျောင်းသားများ၊ အတန်းလိုက်ဂုဏ်ထူးရရှိမှုများ၊ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရရှိသူများကို ဒေသခံလုပ်ငန်းရှင်များ၊ ကျောင်းအကျိုးတော်ဆောင်မိဘများက ဂုဏ်ပြုချီးမြှင့်သည်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးနှင့်တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။ **အယ်လ်စိုး(Iprd)**

မြို့သစ်

မကွေးခရိုင် မြို့သစ်မြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြမှ ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးမှုများ ဟောပြောခဲ့ပြီး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ကျောင်းသုံး ကျောင်းကို ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ **ဇော်ဇော်(မြို့သစ်)**

ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီက အထကပေါင် မြက်ခင်းပြင်ရှိ စင်မြင့်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့်တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပဒေသာကပွဲများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **မိချို**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၀

တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော "ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်း" ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉နာရီခွဲက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးဦးအောင်ထွန်းကသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများတက်ရောက်ကြသည်။ သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ အပါအဝင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ကျေးလက်ဒေသများမှ လူငယ်မောင်မယ် သင်တန်းသား ၃၅ဦးတက်ရောက်ကြကြောင်းသိရသည်။ **မောင်ယဉ်ကျေး**

ဆော့ကစားနေသည့် ကလေးအား ယာဉ်တစ်စီးဝင်တိုက်ပြီး မောင်းပြေး

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၆ရက်နံနက် ၁၁နာရီခန့်ကယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်မှာ အောင်သိဒ္ဓိလမ်းမကြီးအတိုင်း နောက်မှရှေ့သို့ မောင်းနှင်လာသော(CC----) အငှားယာဉ်သည် အိမ်အမှတ် (၆၆) နေဆယ်အိမ်မှူး ဦးဝင်းရွှေ၏ဈေးအရောင်းဆိုင်ရှေ့အရောက်လမ်းဘေး ဆော့ကစားနေသော အောင်သိဒ္ဓိရှစ်အိမ်စုနေ အသက်လေးနှစ် အရွယ် မောင်ဘိုဘိုအား ဝင်တိုက်မိရာ အငှားယာဉ်မောင်း (အမည်စုံစမ်းဆဲ)သူမှာ ယာဉ်ကို မောင်းနှင်တိမ်းရှောင်သွားကြောင်း သိရသည်။

၄င်းယာဉ်နောက်ပါ အငှားယာဉ်မောင်း(BB----)အဖြူရောင်က ထွက်ပြေး မောင်းနှင်သွားသောယာဉ်၏ သတင်းပေးခဲ့သည်။ ဤအချိန်တွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးလှထွေး၊ ရာအိမ်မှူး ဦးစိုးရီတို့ ရောက်ရှိကာ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ပြီး ယာဉ်တိုက်ခံရသော ကလေးငယ်မှာ သွေးထွက်ပွန်းပဲ့ဒဏ်ရာနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာတို့ဖြင့် အင်းစိန်ဆေးရုံသို့ တင်ပို့ကုသလျက် (မစိုးရိမ်ရ) ရှိခဲ့သည်။

စုံစမ်းစစ်ဆေး

ယာဉ်မှုစစ်ရဲတပ်ဖွဲ့မှ ပြန်ကြားသည်မှာ တိုက်သွားသောအငှားယာဉ်နံပါတ်မဟုတ်မမှန်ကြောင်း၊ သို့သော် ဆယ်အိမ်မှူးဦးဝင်းရွှေကယာဉ်တိုက်စဉ်မှတ်သားထားသော ယာဉ်နံပါတ်မှာ (CC------) ဖြစ်ခြင်းကြောင့် တာဝန်ရှိသူတို့က စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(၀၁၅)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဇန်နဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ညအပူချိန်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ပေခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခွဲခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ဝမ်းတွင်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ဝမ်းတွင်း ဇန်နဝါရီ ၁၀

ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ဘုရားစုကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးငြိမ်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က စာပေမြင့်မှ လူမျိုးတင့်မည်ခေါင်းစဉ်ဖြင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က ကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြတ်မွန်က ပညာရေးနှင့်ပတ်သက်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အကများဖြင့် ပြန်လည်ဖျော်ဖြေကြကြောင်း သိရသည်။ **ဌေးလှိုင် (ဝမ်းတွင်း)**

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်းသဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၆ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဇဝနတိက္ခ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၁၈ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

အထက(၂) ရန်ကင်း (ကျောက်ကုန်း/စိန်မိုက်ကယ်)

အကြိမ်(၂၀)မြောက် အာစရိယပူဇော်ကန်တော့ပွဲ

၁၉၅၉-၆၀ မှ ၂၀၁၃ခုနှစ်အထိ ကျောင်းသား ကျောင်းသူဟောင်းများ

၁၉၅၉-၆၀ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ကျောင်းသား ကျောင်းသူများ၏ အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ စတင်၍ အထက(၂) ရန်ကင်း ကျောင်းခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူများမပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများအား အောက်ပါ သူငယ်ချင်းများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-

အထက(၂)ရန်ကင်း	ဖုန်း-၀၁-၅၆၂၉၆၇
ဦးကြည်ဝင်း	ဖုန်း-၀၉-၅၁၁၉၇၁၀
ဦးစိန်ထွန်း	ဖုန်း-၀၉-၅၁၅၅၆၅၁
ဒေါ်ခင်မမစိုးကြည်	ဖုန်း-၀၉-၇၃၁၃၉၆၀၂
ဦးမြတ်ခိုင်(လျှပ်တစ်ပြက်)	ဖုန်း-၀၉-၉၉၂၇၀၉၈
ကိုဝင်းသော်	ဖုန်း-၀၉-၅၄၅၄၁၁၁
ဒေါက်တာဆုမွန်သော်	ဖုန်း-၀၉-၅၀၁၈၅၁၀၊ ၀၉-၇၃၁၅၄၈၀၀
ကိုဟိန်းသူပိုင်	ဖုန်း-၀၉-၅၄၀၅၅၉၆

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက်ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃½ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ဓမ္မာရုံပရိယတ္တိစာသင်တိုက်

ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

မြေကွက်ရောင်းမည်

ဒဂုံတက္ကသိုလ်အနီး

ပေ(၄၀×၆၀) ငွေကျပ် ၆၅ သိန်း

ပွဲစား၊ ဝယ်ရောင်းမလိုပါ။

ဖုန်း-၀၉-၄၂၀၂၂၅၀၂၇

ဝယ်လိုသည်

ဒဂုံတောင်ပိုင်း၊ အရှေ့ပိုင်း

ဆိပ်ကမ်းရှိ မြေကွက်များ

ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၂၅၄၁၁၇၅၈၂

မွေးနေ့ဆုတောင်း

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း

အသည်းအထူးကုဆရာဝန်ကြီး

၁၁-၁-၂၀၁၄ရက်တွင်ကျရောက်သည့် မွေးနေ့မှစ၍ နှောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီး၊ ချစ်သားတို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပြီး စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးတင်ဝင်း

ကျော်မြင့်၊ ဖိုနပ်ဆိုင်မိသားစု

မြို့မဈေး၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ်(အပိုင်း ၅)၊ မြေကွက်အမှတ်(၄၇၉+၄၈၂)၊ အလျားပေ ၆၀×အနံပေ ၁၂၀ အကျယ်အဝန်းရှိ (၁) ဦးမောင်မောင်လေး(ခ)ရှောက်မန်း၊ (၂) ဦးစိုးစိုးလွင်(ခ)ဦးမောင်မောင်စိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော် ၁၄/ပသန(နိုင်)၀၅၅၈၆၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R

တရားလွှတ်တော်ရှေ့နေ

အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

မှုခင်းသတင်းနှင့်ကြော်ငြာ

ငါးမိုင်းခွဲရန်ယမ်းများပြင်ဆင်ရာမှ ပေါက်ကွဲမှုဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် တာချီလိတ်ပြည်သူ့ဆေးရုံတွင် ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ရောက်ရှိနေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မာမိုတာ(၂) ရွာနေ စောလု (၃၄ နှစ်)အား ဝဲမျက်လုံး ပေါက်ပြဲဒဏ်ရာ တစ်ချက်နှင့် ၎င်း၏ ဇနီးဖြစ်သူ မနားလား (၃၄ နှစ်)အား ပေါက်ပြဲ ဒဏ်ရာများဖြင့် တွေ့ရှိခဲ့ရသည်။

စစ်ဆေးချက်အရ မာမိုတာ(၂) ရွာရှိ ချောင်းအတွင်း စောလုမှ ငါးမိုင်းခွဲရန် ယမ်းများပြင်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုဖြင့် လူ့အသက်အန္တရာယ်ဖြစ်လောက်အောင် ပေါ့လျော့စွာပြုလုပ်သူ စောလုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ကောက်ရိုးပုံအတွင်း၌ မီးလောင်သေဆုံးနေသည့် လူသေအလောင်း ကလေးမြို့တွင်တွေ့ရှိ

ကလေး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နန်းစောင်းပုကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ လယ်တောတစ်နေရာတွင် မီးလောင်ကျွမ်းထားသည့် ကောက်ရိုးပုံအတွင်းမှ လူသေအလောင်းတစ်လောင်းကို ဇန်နဝါရီ ၇ ရက် ည ၇ နာရီခွဲက တွေ့ရှိရကြောင်း ပျဉ်းတောဦးကျေးရွာအုပ်ချုပ်ရေးမှူးက ဖုန်းဖြင့် ဆက်သွယ် ပြောကြားလာသည့်အတွက် လက်ပံချောင်းနယ်မြေလှုပ်ရှားရဲကင်း၌ တာဝန်ထမ်းဆောင်နေသော ရဲတပ်ကြပ်ကြီး အောင်လိန်းကေက သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာတွင် မီးလောင်ထားသည့် ကောက်ရိုးပုံသည် တောင်သူဦးဖုန်းလေ့ကပ်ဆိုသူ၏ ယာခင်းတောဖြစ်ပြီး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကို သက်ဆိုင်ရာမှ ခွဲခြား၍ သိရှိနိုင်ခြင်းမရှိသေးကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်ဟု ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ထို့ကြောင့် သေဆုံးသူအား ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆက်လက်စစ်ဆေး ဆောင်ရွက်နိုင်ရန် ကလေးမြို့မရဲစခန်းက အမှုဖွင့်ကာ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုတိုးကြီး**

ထန်းပင်ပေါ်မှ ပြုတ်ကျ၍ လူတစ်ဦးသေဆုံး

ရေဖြူ ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်(ခ)ရပ်ကွက်၌ ဇန်နဝါရီ ၆ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က အေးချမ်းအောင်မြင်ဆုတောင်းပြည့်ဘုရား အနောက်ဘက်ရှိ ဘုရားကုန်းပေါ်မှထန်းပင်ကို ရေဖြူမြို့နယ်တွင် လက်သမားလုပ်ငန်း လာရောက်လုပ်ကိုင်နေသူ ဦးအောင်ဝင်း(၃၄နှစ်)က ထန်းသီးစားရန်အတွက် ၎င်း၏ဆန္ဒအရ တက်ရောက်ခူးယူရာ ထန်းပင်ပေါ်မှ ပြုတ်ကျပြီး ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ၎င်းဒဏ်ရာများဖြင့် သေဆုံးသွားသည်။ ခေတ္တစခန်းမှူး ဒုတိယရဲအုပ်ရဲထွန်းကိုက ဦးအောင်ဝင်းသေဆုံးမှုနှင့်ပတ်သက်၍ ဆေးစာနှင့်အတူ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးနိုင်ရန် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးမြို့တွင် သိန်းတစ်ထောင်ကျော်ဖိုး ဆူဒိုအက်ဖီဒရင်းဆေးပြားများဖမ်းမိ

ကလေး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီခွဲက ကလေးခရိုင်ထ/နတပ်ကြပ်ထွန်းလွင်၊ တပ်သားသန်းနိုင်စိုး၊ လက်ပံချောင်းရဲကင်းမှူး တပ်ကြပ်ကြီးအောင်လိန်းကေတို့သည် သက်သေများနှင့်အတူ ပျဉ်းခုံကြီးကျေးရွာ မလာလ်နဲတိန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မလာလ်နဲတိန်နှင့်ခရစ်ရိုဆန်းတို့နှစ်ဦးအား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းသက်သေများနှင့်အတူ ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဆူဒိုအက်ဖီဒရင်းဆေးပြားတစ်ပြားလျှင် ၀ ဒသမ ၁ ဂရမ်ရှိဆေးပြား ပေါင်း ၁၁၂၆၆၀၀၊ စုစုပေါင်း အလေးချိန် ၁၁၂ ဒသမ ၆၆ ကီလို၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၁၂၆၆၀၀၀၀ ရှာဖွေတွေ့ရှိပြီး ဆက်လက် စစ်မေးရာ လက်ပံချောင်းကျေးရွာနေ ပါကျဲ(ခ)ဆလိုင်းမန်းသင်ထန်းဆိုသူ ကိုယ်တိုင် အနက်ရောင်ဇိမ်ခံကားဖြင့် လာရောက်ပို့ဆောင်ထားခဲ့ကြောင်း သိရှိရပြီး အခကြေးငွေတစ်သိန်းရရှိသဖြင့် လက်ခံထားကြောင်း ၎င်းတို့နှစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဆူဒိုအက်ဖီဒရင်းဆေးပြားများ၏ ပိုင်ရှင်ဖြစ်သူ လက်ပံချောင်းကျေးရွာနေ ဆလိုင်းမန်းသင်ထန်းနှင့်မထန်ပါးတို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဆလိုင်းမန်းသင်ထန်းမှာ နေအိမ်နောက်ဖေးမှထွက်ပြေးသွားခဲ့ပြီး မထန်ပါးကိုတွေ့ရှိသဖြင့် နေအိမ်ကိုရှာဖွေရာ ဆေးပြားများရောင်းဝယ်ခဲ့သော သက်သေခံ SURF အနက်ရောင်ကားနှင့် နေအိမ်နောက်ဖေးထင်းပုံကြားမှ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ကျပ်သိန်း ၄၀၀ တို့အား ရှာဖွေတွေ့ရှိပြီး မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသောကားနှင့်ငွေများဖြစ်ကြောင်း မထန်ပါးက သက်သေများရှေ့တွင် ပြောပြသည်။

အဆိုပါအမှုကို ကလေးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သျှင်နေမင်း**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပန်းဘဲတန်းမြို့နယ်တွင် ခါးပိုက်နှိုက်နှစ်ဦးဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည်ခါးပိုက်နှိုက်ဖမ်းဆီးရမိရေး သတင်းစုံစမ်းဆောင်ရွက်နေစဉ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း(၃၀)ထိပ်ကားမှတ်တိုင်၌ (၂၀၄)ယာဉ်လိုင်းပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများဖြစ်သော ရွှေဥ(ခ) တင်ရွှေဦး ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ရာဇာ တွံတေးမြို့နယ်နေသူတို့ နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ရွှေဥ(ခ)တင်ရွှေဦးထံမှ ငွေကျပ် ၁၈၅၀၀ ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းတို့အားစစ်မေးရာ အဆိုပါယာဉ်ပေါ်တွင်စီးနင်းလိုက်ပါလာစဉ် ရာဇာမှလူကာပေးပြီး ရွှေဥ(ခ) တင်ရွှေဦးက ယာဉ်ပေါ်ပါအသက်(၅၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ လက်ကိုင်အိတ်အတွင်းမှ နှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့နှစ်ဦးအား ပန်းဘဲတန်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(sp)**

ဘက်ထရီအိုးဓာတ်အားသွင်းရာမှ ဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံး

ပုသိမ် ဇန်နဝါရီ ၁၀

ကန်ကြီးထောင့်မြို့နယ် ဒါးကမြို့ မီးရထားဝန်ထမ်းသက်သာဆိုင်ခန်းများနေ ဒေါ်ဝင်းဝင်း(ခ)ဒေါ်မိပုံ (၄၆ နှစ်)သည် ဇန်နဝါရီ ၅ ရက် ည ၇ နာရီ၁၅မိနစ်ခန့်က ၎င်းဆိုင်ခန်းတွင် အင်ဗာတာဖြင့် ဘက်ထရီ ဓာတ်အားသွင်းထားခဲ့ပြီး အပြင်ထွက်သွားခဲ့ရာမှဘက်ထရီအိုးအပူရှိန်လွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားရာ (၈× ၂၀) ပေ ဆိုင်ခန်းငါးခန်း မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲဗလဦးမျိုးဝင်း ဦးဆောင်သော ပုသိမ်မြို့မှ မီးသတ်ရေယာဉ်သုံးစီး၊ ကန်ကြီးထောင့် အိမ်မဲ မီးသတ်တပ်ဖွဲ့များက ရေယာဉ်လေးစီး၊ ကွပ်ကဲရေးရေယာဉ်တစ်စီးနှင့် သန္ဓေတပ်ဖွဲ့ ၃၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၄၀ တို့သည် အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းငြိမ်းသတ်ရာမှ ည ၈ နာရီတွင် မီးငြိမ်းသွားသည်။ မီးလောင်ကျွမ်းမှုကြောင့် ဝန်ထမ်းသက်သာဆိုင်ခန်းငါးခန်း ဆုံးရှုံးခဲ့သဖြင့် မီးသုံးစွဲသူ ဒေါ်ဝင်းဝင်း(ခ)ဒေါ်မိပုံကို ကန်ကြီးထောင့်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ပုသိမ်လှကြည်

မန္တလေး၌ ၂၀၁၃ ခုနှစ်အတွင်း အမှုကြီး ၂၂၅ မှုဖြစ်ပွား ၂၀၁၂ ခုနှစ်ထက်အမှုပေါင်း ၄၆ မှု ပိုခဲ့

မန္တလေး ဇန်နဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ်အတွင်း အမှုကြီး ၂၂၅ မှုဖြစ်ပွားခဲ့ရာ ၂၀၁၂ ခုနှစ်ထက် အမှုပေါင်း ၄၆ မှု ပိုခဲ့ပြီး လူသတ်မှုနှင့် မုဒိမ်းမှု ဖြစ်ပွားမှုမြင့်မားခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အမှုကြီး ၁၀ မှု အနက် ပြန်ပေးဆွဲမှု၊ နိုင်ငံတော်ပုန်ကန်မှုနှင့်ဖောက်ထွင်းမှုတို့ ဖြစ်ပွားမှုမရှိဘဲ လူသတ်မှု ၁၂၈ မှု၊ ဓားပြမှု တစ်မှု၊ လုယက်မှုရှစ်မှု၊ မုဒိမ်းမှု ၇၅ မှု၊ တိရစ္ဆာန်ခိုးယူမှု ၁၀ မှု၊ လက်နက်မှုနှစ်မှုနှင့် မတရားအသင်းမှုတစ်မှု ရှိခဲ့သည်။

၂၀၁၂ ခုနှစ်တွင် လူသတ်မှု ၁၁၂ မှု၊ လုယက်မှုနှစ်မှု၊ မုဒိမ်းမှု ၆၀၊ ဖောက်ထွင်းမှုနှစ်မှု၊ တိရစ္ဆာန်ခိုးမှုသုံးမှု စုစုပေါင်း ၁၇၉ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ်ထက် ၂၀၁၃ ခုနှစ်တွင် လူသတ်မှု ၁၆ မှုနှင့်မုဒိမ်းမှု ၁၅ မှု ပိုများခဲ့ကြောင်း သိရသည်။

(၀၄၀)

ဖခင်အမည်မှန်

